**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

သဒ္ဓါတရားလည်းရှိ၊ သီလနှင့်လည်းပြည့်စုံ၊ အခြံအရံလည်းများ၊ စည်းစိမ်ဥစ္စာလည်းရှိသော သူသည် သွားလေရာရာအရပ်ရပ်၌ အပူဇော်ခံရ၏။

ဓမ္မပဒ



# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ



**ဒို့တာဝန်အရေးသုံးပါး**

- ♦ ပြည်ထောင်စုမပြိုကွဲရေး။
- ♦ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ♦ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**မဲစာရင်းမှန်ကန်ဖို့ မြန်မာအီလက်ထရောနစ် မဲပေးစနစ်အသုံးပြုစို့။**



www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၃၄)

၁၃၈၇ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်၊ တနင်္လာနေ့



## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။


၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။


# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

## နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများ ရင်းရင်းနှီးနှီးဆွေးနွေး



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံစဉ်။

**နေပြည်တော် ဒီဇင်ဘာ ၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr.Sihasak Phuangketkeow ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။

အဆိုပါတွေ့ဆုံပွဲသို့


**စာမျက်နှာ ၁၆ ကော်လံ ၁ ★**



**အမှတ်(၃) သံမဏိစက်ရုံ (ရွာမ)**

**အထပ်မြင့် အဆောက်အဦများ တည်ဆောက်ဖို့ နိုင်ငံတကာအဆင့်မီ အရည်အသွေးမြင့် HRB-500 အမျိုးအစား Deformed Bar များကို စက်ရုံဈေးဖြင့် ဝယ်ယူရရှိနိုင်ပါသည်။**

ဆက်သွယ်ရန် ဖုန်း- ၀၉ ၆၉၃၃၄၈၃၀၀၊ ၀၉ ၉၆၉၈၀၂၂၄၇



## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၈ ရက်)

# အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍ

တပ်မတော်အနေဖြင့် နိုင်ငံတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ခေတ်အဆက်ဆက် သမိုင်းကြောင်းများအရပါဝင်ခဲ့ရသည်။ အမျိုးသားနိုင်ငံရေးဦးဆောင်မှုတွင်ပါဝင်ခဲ့ရသည့် အချိန်ကာလများမှာ နိုင်ငံတော်တွင် အခက်အခဲနှင့်အကျပ်အတည်းမျိုးစုံရှိနေချိန်များသာဖြစ်သည်။ သမိုင်းကြောင်းအရ ဖြစ်ပေါ်နေသည့်အခြေအနေများအရ တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ဆက်လက်ပါဝင်နေရဦးမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ဒီမိုကရေစီစနစ်များထွန်းကားပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များမရှိသည့်အချိန်တွင် တပ်မတော်အနေဖြင့် လွှတ်တော်တွင်ပါဝင်နေမှုကို အဆင့်ဆင့်လျှော့ချသွားနိုင်မည်ဖြစ်သည်။ လက်ရှိအချိန်တွင် တပ်မတော်အနေဖြင့် နိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍတွင် ပါဝင်နေရခြင်းကြောင့် လုပ်ငန်းများကို မှန်မှန်ကန်ကန်ဖြင့်စနစ်တကျလုပ်ကိုင်ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ဒီဇင်ဘာလ ၆ ရက်မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ၊ ဗိုလ်လောင်းများအား တွေ့ဆုံအမှာစကားပြောကြားစဉ် **“တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်များကို ထမ်းဆောင်ရန်ဖြစ်သော်လည်း ခေတ်အဆက်ဆက်တွင် ဖြစ်ပေါ်ခဲ့သည့်အခြေအနေများအရ ပြည်တွင်းသောင်းကျန်းမှုနှိမ်နင်းရေးအခန်းကဏ္ဍတွင်လည်း ပါဝင်နေရခြင်းဖြစ်ကြောင်း၊ လက်ရှိနိုင်ငံတော်တွင်ဖြစ်ပေါ်နေသည့် လက်နက်ကိုင်အကြမ်းဖက်မှုများအား တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတူတကွပူးပေါင်း၍ တိုက်ဖျက်ဆောင်ရွက်လျက်ရှိကြောင်း၊ တပ်မတော်အားအဆင့်မြှင့်တင်ခြင်းများဆောင်ရွက်လျက်ရှိသကဲ့သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ကိုလည်း ပြုပြင်ခြင်းများဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သားများ ရုပ်ပိုင်းစိတ်ပိုင်းဆိုင်ရာကျန်းမာကြံ့ခိုင်မှုရှိစေရေး၊ ရဲစွမ်းသတ္တိရှိစေရေး၊ စစ်လက်နက်နှင့်စစ်နည်းဗျူဟာများ ကျွမ်းကျင်မှုရှိစေရေး “လေ့လာ၊ လေ့ကျင့်၊ လိုက်နာ” ဟူသည့် မူဝါဒချမှတ်၍ ဆောင်ရွက်စေလျက်ရှိကြောင်း”** ထည့်သွင်းပြောကြားခဲ့သည်။

တပ်မတော်သားများအနေဖြင့် စဉ်ဆက်မပြတ်ပြောင်းလဲတိုးတက်နေသည့် စစ်အတတ်ပညာများနှင့် မျက်ခြည်မပြတ်စေရေး အမြဲမပြတ်လေ့လာနေရမည်၊ သင်ယူတတ်မြောက်ပြီးဖြစ်သည့် စစ်မှုရေးရာနည်းနာများနှင့် စစ်အတတ်ပညာများကို ပိုမိုကျွမ်းကျင်ပိုင်နိုင်အောင် အမြဲလေ့ကျင့်နေရမည်၊ ချမှတ်ထားရှိသည့် စည်းမျဉ်းစည်းကမ်းများ၊ အမိန့်များကို အမြဲလိုက်နာကျင့်သုံးနေရမည်ဖြစ်သည်။ တစ်ဦးချင်းစစ်စည်းကမ်းကောင်းမွန်ပြီး အုပ်ချုပ်ထောက်ပံ့မှုများကောင်းမွန်အောင် ဆောင်ရွက်ပေးနိုင်မည်ဆိုပါက စိတ်ဓာတ်ပိုင်းဆိုင်ရာသည်လည်း ကောင်းမွန်ခိုင်မြဲလာမည်ဖြစ်သည်။ စိတ်ဓာတ်ကောင်းမှစည်းကမ်းကောင်းလာမည်ဖြစ်သည်။ စည်းကမ်းကောင်းခြင်းတွင် တစ်ဦးချင်းနေထိုင်စားသောက်မှုမှအစ ဝင်ငွေနှင့်ထွက်ငွေမျှတအောင်သုံးစွဲတတ်ခြင်း၊ အမိန့်နာခံတတ်မှုကောင်းခြင်း၊ တာဝန်ကျေပွန်စွာထမ်းဆောင်ခြင်းများ ကောင်းမွန်လာမည်ဖြစ်သည်။

တပ်မတော်အနေဖြင့် အမျိုးသားနိုင်ငံရေးတွင်ဦးဆောင်ရသည့်အခါတိုင်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲများကို အောင်မြင်စွာကျင်းပပေးနိုင်ခဲ့သည်။ ပြည်သူများလိုလားတောင့်တသည့် စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို စတင်အကောင်အထည်ဖော်တည်ဆောက်ပေးခဲ့သည်မှာလည်း တပ်မတော်သာဖြစ်သည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် မဲမသမာမှုများကိုဆောင်ရွက်ခဲ့ခြင်းကြောင့် တပ်မတော်အနေဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ နိုင်ငံ့တာဝန်များကိုထမ်းဆောင်ခဲ့ရခြင်းဖြစ်သည်။ နိုင်ငံတော်အား ဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာဖြင့် ဆက်လက်လျှောက်လှမ်းနိုင်ရေးထိန်းသိမ်းဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ နိုင်ငံတော်၏တာဝန်များကို ထမ်းဆောင်နေရသည့်ကာလအတွင်း နိုင်ငံတော်တွင်ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးပဋိပက္ခများ၊ လက်နက်ကိုင်အကြမ်းဖက်မှုများ၊ ကပ်ရောဂါနှင့် သဘာဝဘေးအန္တရာယ်ရင်ဆိုင်ကြုံတွေ့ခဲ့ရမှုများ စသည့်အခက်အခဲ၊ အကျပ်အတည်းမျိုးစုံကို သစ္စာရှိနိုင်ငံ့ဝန်ထမ်းများ၊ တည်ငြိမ်အေးချမ်းမှုကိုလိုလားသည့်ပြည်သူများ၊ မိတ်ဖက်နိုင်ငံများ၏ ပူးပေါင်းဆောင်ရွက်မှုများဖြင့် အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့သည်။

ဒီမိုကရေစီစနစ်တွင် ရွေးကောက်ပွဲသည် အရေးအကြီးဆုံးဖြစ်သည့်အတွက် နိုင်ငံတော်အစိုးရနှင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတစ်ရပ်ကို အောင်မြင်စွာကျင်းပပေးနိုင်ရေး လိုအပ်သည့် ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများအားလုံးကို အောင်မြင်စွာဆောင်ရွက်ခဲ့ပြီးဖြစ်သည်။ ယခု ဒီဇင်ဘာလ ၂၈ ရက်တွင် ရွေးကောက်ပွဲကိုကျင်းပသွားမည်ဖြစ်ပြီး အပိုင်းသုံးပိုင်းခွဲ၍ ဆောင်ရွက်သွားမည်ဖြစ်သည်။ ရွေးကောက်ပွဲပထမပိုင်းပြုလုပ်ပြီး နှစ်ပတ်ကြာချိန်တွင် ဒုတိယပိုင်းကို ဆက်လက်ကျင်းပသွားမည်ဖြစ်သည်။ ဒုတိယပိုင်းကျင်းပပြီး နှစ်ပတ်ကြာချိန်တွင် တတိယပိုင်းကို ဆက်လက်ပြုလုပ်သွားမည်ဖြစ်သည်။

ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး လုံခြုံရေးပိုင်းဆိုင်ရာများအတွက် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်ဌာနေတပ်ဖွဲ့ဝင်များနှင့် ပြည်သူ့လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ ဆောင်ရွက်မည်ဖြစ်သည်။ ရွေးကောက်ပွဲအောင်မြင်အထမြောက်စေရေးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး ဆန္ဒမဲပေးနိုင်ကြရမည်ဖြစ်သည်။ ဆန္ဒမဲများပေးရာတွင် **တိုင်းပြည်နှင့်ဒေသအကျိုးကိုဆောင်ရွက်နိုင်သူ၊ ဒို့တာဝန်အရေးသုံးပါးကိုလိုက်နာစောင့်ထိန်းနိုင်သူ၊ နိုင်ငံရေးအမြင်၊ အုပ်ချုပ်ရေးအမြင်၊ စီးပွားရေးအမြင်၊ လုံခြုံရေးနှင့်တရားဥပဒေစိုးမိုးရေးအမြင်ရှိသူများကို ရွေးချယ်၍ဆန္ဒမဲပေးကြရန်**ဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် တပ်မတော်က အမျိုးသားနိုင်ငံရေးဦးဆောင်မှုတာဝန်ထမ်းဆောင်စဉ်အတွင်း လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို အောင်မြင်စွာကျင်းပနိုင်ရေးကို နိုင်ငံတော်အစိုးရနှင့်အတူ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ပြည်သူများပူးပေါင်းပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

ရက်ပေါင်း

၂၀

သာ လိုတော့သည်။

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# သာသနာလင်္ကာရအကျော်စာမေးပွဲကျင်းပပြီးစီး

ပဲခူး ဒီဇင်ဘာ ၇

ပရိယတ္တိသာသနာတော်ကြီး အရှည်တည်တံ့စေရန်ရည်ရွယ်၍ ပဲခူးမြို့ ပရိယတ္တိသဒ္ဓမ္မရက္ခိတ (ပဲခူးသာမဏေကျော်အသင်းကြီး)မှ ကြီးမှူးပြီး (၃၉)ကြိမ်မြောက် သာသနာလင်္ကာရအကျော်စာမေးပွဲကို ဒီဇင်ဘာလ ၆ ရက်က ကျင်းပပြီးစီးကြောင်းသိရသည်။

(၃၉)ကြိမ်မြောက် သာသနာလင်္ကာရအကျော်စာမေးပွဲကို ဒီဇင်ဘာလ ၄ ရက်မှ ၆ ရက်အထိ ဗုဒ္ဓအသံဓမ္မဗိမာန်တော်ကြီး အပေါ်ထပ်၊ အောက်ထပ်၊ ဆုတောင်းပြည့်ရွှေမော်ဓောစေတီတော်မြတ်ကြီးရင်ပြင်တော်ပေါ်ရှိ ရွှေကျောင်းတော် ကျောက်ပန်းတောင်းဓမ္မာရုံနှင့် ဓမ္မရွှေရည်ဓမ္မာရုံ၊ သာသနာ့မဏ္ဍိုင်ပါဠိတက္ကသိုလ်ကျောင်းတိုက်နှင့် မွန်ဓမ္မာရုံတို့၌ ကျင်းပသည်။

အဆိုပါစာမေးပွဲတွင် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ စာဖြေသံဃာတော်များနှင့် သီလရှင်စုစုပေါင်း ၂၈၅၇ ပါးတို့က ပထမအဆင့်၊ ဒုတိယအဆင့်နှင့် တတိယအဆင့်တို့၌ စာမျက်နှာ ၂၅၀၀ ကျော်ရှိသည့် ဝိနယပိဋကခုဒ္ဒကနိကာယ ဝိနည်းငါးကျမ်း(ပိဋကတစ်ပုံ)၊ စာမျက်နှာ ၁၇၀၀ ကျော်ရှိသည့် သုတ္တန္တပိဋကအင်္ဂုတ္တရနိကာယ အင်္ဂုတ္တိုရ် ၁၁ ကျမ်း (နိကာယ်တစ်ရပ်)၊ စာမျက်နှာ ၁၀၀၀ ကျော်ရှိသည့် သုတ္တန္တပိဋက ခုဒ္ဒကနိကာယ ဓမ္မပဒပါဠိ၊ အဋ္ဌကထာ၊ သဒ္ဒါ (၈)စောင်၊ သင်္ဂဟ (၉)ပိုင်း ပါဠိအနက်သဘောအဓိပ္ပာယ်များကို ဝင်ရောက်ဖြေဆိုကြမည်ဖြစ်သည်။

ဝင်ရောက်ဖြေဆိုအောင်မြင်ကြသည့် သံဃာတော်အရှင်သူမြတ်များနှင့် သီလရှင်များ၏စာအောင်ဆုနှင်းသဘင်ပွဲကို ဒီဇင်ဘာလ ၈ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

(၄၀၁)

# ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကျင်းပ

မိတ္ထီလာ ဒီဇင်ဘာ ၇

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့၌ ၂၀၂၅ ခုနှစ် ဒီဇင်ဘာအားကစားလ လူထုစုပေါင်းလမ်းလျှောက်ပွဲကို ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမနှင့် ဗိုလ်ချုပ်ပန်းခြံအနီးမှ ပေါက်ချောင်းရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြောင်းသိရသည်။

အဆိုပါ လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်အဖွဲ့ဝင်များ၊ မိတ္ထီလာပညာရေးကောလိပ်မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်စုလတ်ထွေးနှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ၊ ကိုယ်ပိုင်ကျောင်းများမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ လူမှုရေးအသင်းအဖွဲ့များမှ အသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ဒေသခံပြည်သူများက နန်းတော်ကုန်းရပ်ကွက် မိတ္ထီလာ-ကျောက်ပန်းတောင်း ကားလမ်းမနှင့် ဗိုလ်ချုပ်ကြေးရုပ်အနီးမှ ပေါက်ချောင်းရပ်ကွက်ရှိ မြို့နယ်အားကစားကွင်းအထိ စုပေါင်းလမ်းလျှောက်ကြသည်။

ထို့နောက် မြို့နယ်အားကစားကွင်းတွင် လူထုစုပေါင်းလမ်းလျှောက်ပွဲတွင် ပါဝင်ဆင်နွှဲကြသူများက ကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများကို စုပေါင်းလုပ်ဆောင်ကြကြောင်းသိရသည်။

(၆၀၂)

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။

**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** - ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm

# (၇၈)နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၄)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့သည် အလိုအပ်ဆုံးနှင့်အဖြစ်သင့်ဆုံး အမျိုးသားရေးရည်မှန်းချက်၊ အမျိုးသားရေးတာဝန်ဖြစ်သည့်အတွက် နိုင်ငံသားအားလုံးက ထိန်းသိမ်းစောင့်ရှောက်ရေး။

၂။ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုများကိုဖော်ဆောင်နိုင်ရန် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ပြည်ထောင်စုငြိမ်းချမ်းရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လွတ်လပ်မှုနှင့်တရားမျှတမှုကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ရယူအသုံးချပြီး စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အပြည့်အဝအကောင်အထည်ဖော်ရေး။

၄။ ဒေသအလိုက် သဘာဝထွက်ကုန်များကိုအခြေခံကာ အသေးစား၊ အငယ်စားနှင့်အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို အားပေးမြှင့်တင်၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း တိုးတက်အောင်ဆောင်ရွက်ရေး။

## တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲကျင်းပ



တပ်ကုန်း ဒီဇင်ဘာ ၇

တပ်ကုန်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၏ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော် တပ်ကုန်းမြို့ အောင်ဆန်းခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားသို့ ပြန်ကြားရေးနှင့် တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်၊ တပ်ကုန်းအမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ ပညာသင်ကြားပေးခဲ့ကြသည့် အသက် ၆၀ မှ ၈၀ အထက်ရှိ ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ စုစုပေါင်း ၁၈၉ ဦးတက်ရောက်ကြသည်။

ဦးစွာ ကျောင်းသား၊ ကျောင်းသူဟောင်းများက ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများအား လက်အုပ်ချီမိုးကန်တော့ကြသည်။

ထို့နောက် ဒသမအကြိမ်မြောက် အာစရိယပူဇော်ပွဲဖြစ်မြောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝေမိုးက ကန်တော့ခံအငြိမ်းစားဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုနှုတ်ခွန်းဆက်စကားပြောကြားပြီး အဖွဲ့အတွင်းရေးမှူး ဦးမောင်မောင်ခင်က ပူဇော်ပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြန်ကြားရေးနှင့်တိုးတက်ခိုင်မာအားကောင်းသည့် လူမှုအသိုက်အဝန်းဖော်ဆောင်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းနှင့်ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်တို့က နှုတ်ခွန်းဆက်စကားပြောကြားကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း၊ ဦးတင်ဦးလွင်နှင့် တာဝန်ရှိသူများက အသက် ၇၅ နှစ်နှင့်အထက် ဆရာကြီး၊ ဆရာမကြီးများကို MRTV DTH စလောင်း၊ ဆက်စပ်ပစ္စည်းများနှင့်လက်ဆောင်ပစ္စည်းများ ပေးအပ်လှူဒါန်းပြီး ကျောင်းသား၊ ကျောင်းသူများကို ဗလာစာအုပ်များနှင့် ကျောင်းသုံးကိရိယာများ ပေးအပ်သည်။

ထို့နောက် ကန်တော့ခံဆရာကြီး၊ ဆရာမကြီးများက ဆုံးမဩဝါဒစကားပြောကြားပြီး ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ကျောင်းသား၊ ကျောင်းသူဟောင်းများကို MRTV DTH စလောင်းအစုံ ၃၀ အား မဲဖောက်ပေးသည်။

ထို့နောက်အခမ်းအနားသို့ တက်ရောက်လာကြသူများသည် နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့သည်။

အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်းကြီးကို ၁၉၄၆ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်းအဖြစ် စတင်ဖွင့်လှစ်ခဲ့ကာ ၁၉၅၂ ခုနှစ်တွင်အခြေခံပညာအလယ်တန်းကျောင်း၊ ၁၉၅၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက်တွင် အခြေခံပညာအထက်တန်းကျောင်းအဖြစ် အဆင့်ဆင့်တိုးမြှင့်ဖွင့်လှစ်ခဲ့သည်။

အဆိုပါ အထက(၁)တပ်ကုန်းမှ လူရည်ချွန်ကျောင်းသား၊ကျောင်းသူများ၊တက္ကသိုလ်ဝင်စာမေးပွဲများတွင် ဘာသာစုံဂုဏ်ထူးဖြင့် ထူးချွန်ကြသူများ များစွာပေါ်ထွက်ခဲ့ပြီး လက်ရှိတွင် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၉၂၄ ဦးကို ဆရာ၊ ဆရာမ ၇၂ ဦးက သင်ကြားပေးလျက်ရှိသည်။

အာစရိယပူဇော်ပွဲကို သုံးနှစ်လျှင် တစ်ကြိမ် ကျင်းပကြောင်း သိရသည်။

မြဝတီ

## မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ်၏ (၃၇) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




နေပြည်တော် ဒီဇင်ဘာ ၇

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၏ (၃၇)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်နှင့်ပါမောက္ခဌာနမှူးများ၊ ဆရာ၊ ဆရာမများ၊ ဘွဲ့ရမောင်မယ်များနှင့် မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက တိရစ္ဆာန်ဆေးပညာရှင်များနှင့် မွေးမြူရေးပညာရှင်နှစ်မျိုးစလုံးကို အမိတက္ကသိုလ်ကြီးက အတူတကွ မွေးဖွားပေးလိုက်ပြီဖြစ်ရာ ပညာရှင်မောင်နှမများ အတူလက်တွဲပူးပေါင်းဆောင်ရွက်ကြမှသာ နိုင်ငံတော်၏ စားရေရိက္ခာဖူလုံရေး၊ ပြည်တွင်းထုတ်ကုန်မြင့်မားရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အမှန်တကယ်ပြည့်စုံအောင် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း၊ ပညာရှင်များ၏တန်ဖိုးကို အလေးအနက်ထားသည့် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပညာရှင်များတိုးမြှင့်မွေးထုတ်ပေးနိုင်ရန် စိုက်ပျိုးရေးနှင့်မွေးမြူရေးတက္ကသိုလ်(မအူပင်)ကို ယခုပညာသင်နှစ်က စတင်ပြီး ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့၌ ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

မိမိတို့တက္ကသိုလ်၏ "မွေးမြူဆေးကုတိုင်းပြည်ပြု"ဟူသည့် ဆောင်ပုဒ်နှင့်အညီ မြန်မာနိုင်ငံ၏ သားငါးမွေးမြူထုတ်လုပ်ရေးကဏ္ဍတိုးတက်စေရန်အတွက် မိမိတို့သင်ယူလေ့လာထားကြသော ပညာဗဟုသုတများ၊ အတွေ့အကြုံများကိုအသုံးချပြီး အများပြည်သူကို စိတ်ချမ်းမြေ့အောင် ဝန်ဆောင်နိုင်စွမ်းသော၊ လူ့အသိုင်းအဝိုင်းအတွက် အကျိုးရှိသော၊ အကျင့်စာရိတ္တအရ ယုံကြည်စိတ်ချရသော၊ သစ္စာနှင့်ကျင့်ဝတ်ရှိသောတာဝန်သိပညာရှင်များဖြစ်အောင် ကြိုးစားကြရန် နှင့် တိုက်တွန်းကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ် ထူးချွန်ဆရာ၊ ဆရာမများနှင့် တန်းစဉ်ပေါင်းရမှတ်အများဆုံးဆုရ ကျောင်းသား၊ ကျောင်းသူများကို ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအစီအစဉ် ဒုတိယပိုင်းတွင် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်ပညာရေးအဖွဲ့က ကောင်းစွာအောင်မြင်ပေါက်မြောက်ခဲ့ပြီဟု ကြေညာခြင်းခံရသော မွေးမြူရေးပညာဘွဲ့ BASc ဘွဲ့ရမောင်မယ် ၄၉ ဦး၊ တိရစ္ဆာန်ဆေးပညာဘွဲ့ DVM ၅၅ ဦး၊ မွေးမြူရေးမဟာပညာဘွဲ့ MASc ၆ ဦး၊ တိရစ္ဆာန်မဟာဆေးသိပ္ပံဘွဲ့ MVSc ၁၂ ဦး၊ ပါရဂူဘွဲ့ PhD ၃ ဦးနှင့်အဝေးရောက်ဘွဲ့ယူသူ ၁ ဦး စုစုပေါင်း ၁၂၆ ဦးကို ပါမောက္ခချုပ်က ဘွဲ့များအပ်နှင်းချီးမြှင့်သည်။

မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်အနေဖြင့် စတင်တည်ထောင်ခဲ့သည့် ၁၉၅၇ ခုနှစ် မှစတင်၍ ယနေ့အထိ (၆၈)နှစ်တာကာလအတွင်း BVS/BVSc ဘွဲ့ရ ၅၆၇၂ ဦး၊ BASc ဘွဲ့ရ ၃၀၃ ဦး၊ DVM ဘွဲ့ရ ၂၃၈ ဦး၊ Dip L.I.S ၂၂၀၊ Dip.L.P.A. ၄၄၉ ဦး၊ MPhil ၂၁ ဦး၊ MVM ၉ ဦး၊ MVSc ၃၅၀ ဦး၊ MASc ၇ ဦး၊ PhD ၂၈ ဦးတို့ကို မွေးထုတ်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၁၇˚င | / | ၃၁˚င |
| ရန်ကုန် | ၂၂˚င | / | ၃၄˚င |
| မန္တလေး | ၁၇˚င | / | ၃၁˚င |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

**(၇-၁၂-၂၀၂၅)ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး (Market Rate)**

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ဈေးနှုန်းမှာ (၅,၉၉၀,၀၀၀)ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

# အရိပ်

မစန္ဒာ

**ယမန်နေ့မှအဆက်**

'သူလေ ပန်းတွေကိုမပန်ဘဲ ခြေပစ်လိုက်တယ် ညီလင်းရာ၊ အာ ကွာ နှမြောဖို့ကောင်းလိုက်တာ'

အမာညိုက တအံ့တသြပြောပြလိုက်မိသည်။ ကြမ်းပေါ်သို့ လွင့်ကြဲကျသွားသော ဖြူလွလွပန်းပွင့်လေးများကို ယခုတိုင် မြင်ယောင်ပြီး နှမြောနေဆဲဖြစ်သည်။

'မမက ခုန်ဆွခုန်ဆွလုပ်နေတာကို မျက်စိနောက်လာလို့ဖြစ်မှာပေါ့'

'အောင်မာ ငါ ခုန်ဆွခုန်ဆွလုပ်တယ်လို့ ဘယ်သူပြော၊ နင့်ဘယ်သူပြော'

'အို အသိသာကြီး၊ ပန်းများမြင်ရရင် မမဘယ်တုံးက ငြိမ်ငြိမ်နေနိုင်လို့လဲ'

'အောင်မာ'

အမာညိုသည် နာလိုခံခက်နှင့် ညီလင်းကို မျက်စောင်းထိုးလိုက်သည်။ ညီလင်းသည် သူ့အစ်မကို သဘောကျစွာကြည့်ရင်း ရယ်နေသည်။ ညီလင်းပြုံးရယ်လျှင် သူ့မေးစေ့လေးသည် ခွက်ဝင်သွားပြီး အရာလေးပေါ်လာလေ့ရှိသည်။ ဟောလီဝုဒ်မင်းသား ကပ်ဒေါက်ကလပ် ပြုံးပုံနှင့်တူသဖြင့် ထိုမေးမှ အချိုင့်လေးကို အမာညိုသဘောကျမိလေသည်။

'မိညို စာမေးပွဲနီးပြီနော်၊ စာကျက်ချိန်မှာ တော်ရုံလေပေါ'

တစ်ဖက်စားပွဲမှ ကျော်ထွန်းညိုက လှမ်းပြောသည်။ အမာညိုသည် မေမေကြီးနှင့်အတူအိပ်ရသည်။ သူ့အတွက် စာကြည့်စားပွဲသက်သက် မရှိချေ။ ယခင်က မောင်နှမသုံးဦးပေါင်း၍ တစ်စားပွဲတည်း ကျက်မှတ်ခဲ့ကြရသည်။ ကျော်ထွန်းညို ဆယ်တန်းအောင်၍ စက်မှုတက္ကသိုလ်တက်ခွင့်ရသောအခါတွင်ကား ဖေဖေသည် သားကြီးအတွက် စာကြည့်စားပွဲတစ်လုံး သက်သက်စီစဉ်ပေးသည်။ ယခင်ကျက်စ စားပွဲဟောင်းကြီးကို အမာညိုနှင့် ညီလင်းညိုတို့ ဆက်လက်အသုံးပြုကြရလေသည်။

'အရေးကြီးတဲ့အကြောင်း ပြောနေတာပါ ကိုကိုရ'

'ဘာအကြောင်းမို့လဲ'

'စုလှိုင်အကြောင်း'

'ဟိုခြံတတ်ပုံထဲက ကောင်မလေးလား'

'ဒါပေါ့'

ကျော်ထွန်းညိုက လှည့်မကြည့်အားသေးပေ။ ဆလိုက်ရူးလ် တစ်ချောင်းနှင့် တကုန်းကုန်းအလုပ်ရှုပ်နေသည်။ ဆလိုက်ရူးလ်သည် သင်္ချာတွက်ရာတွင် အမာညိုတို့အသုံးပြုနေသော လော့ဂရမ်သမ်ထက်လွယ်သည်ဟု သူ့အစ်ကိုက ပြောလေ့ရှိသည်။ သူ့တန်ဖိုးကလည်း မသေးလှ။ တစ်ချောင်းကို ခြောက်ဆယ်ပေးရသည်။ ဆလိုက်ရူးလ်မှ အလယ်သားလေးကို ဘယ်ရွှေ့လိုက်၊ ညာရွှေ့လိုက်၊ တကုန်းကုန်းရေးမှတ်လိုက်လုပ်နေသော ကိုကို့ကို အမာညိုသည် ကြည့်ရင်း သဘောကျလာသည်။ ခဲရာခဲဆစ်တွက်ချက်နေသော ပညာရှိကြီးနှင့်တူနေသောကြောင့်ဖြစ်သည်။

'စုလှိုင်က ပန်းတွေအများကြီး ယူလာတယ် ကိုကိုရ၊ ဟား တအားလှ၊ တအားမွှေးတာပဲ'

'နင် သူ့ကိုမခင်ဘူးဆို'

'ဟဲဟဲ ခုတော့ နည်းနည်းခင်သွားပြီ'

'ဘာဖြစ်လို့လဲ၊ ပန်းတွေယူလာပေးလို့လား'

'ဒါပေါ့လို့'

အမာညိုသည် ပြုံးစစလေးပြောရင်း လွယ်အိတ်ထဲမှ မရန်းပြားထုပ်ကို နှိုက်ယူလိုက်သည်။ အထုပ်ကိုဖောက်လိုက်သောအခါ မည်းမည်းခြောက်ခြောက် မရန်းပြားလေးသုံးပြား ပေါ်လာသည်။ အနားသားလေးများသည် မှိုတက်နေသော်လည်း အမာညို လွှင့်မပစ်ရက်ပေ။ အလယ်သားလေးများကို ရွေးကာစားသည်။

မက်မက်မောမောစားနေသော အမာညိုကိုလှမ်းကြည့်ရင်း ညီလင်းက နှာခေါင်းရှုံ့လိုက်သည်။

> **"စုလှိုင်တို့ချမ်းသာသည်ကား အမှန်ပင်။ သူ့အမေကလည်း အလွန်လှသည်ဟု ပြောကြသည်။ သူ့အမေ လှ၊ မလှတော့ အမာညို မမြင်ဖူး၍မသိခဲ့ရပေ။ သို့သော် စုလှိုင်လှသည်ကိုကား အမာညို သိလေသည်။ ကိုယ်လုံးသွယ်သွယ်၊ မျက်နှာရှင်းရှင်းနှင့် ကြည့်၍ကောင်းလှသည်ကိုကား အားလုံး လက်ခံမိကြသည်။ ချမ်းသာသည်၊ ရုပ်ချောသည်၊ စာတော်သည်။ စုလှိုင်၏ဘဝတွင် နောက်ထပ်ဘာမျှ မလိုတော့ဟုတွေးရင်း အမာညိုအားကျမိသေးသည်။ ထိုသို့သောမိန်းကလေးသည်လည်း မာနကြီးရန် အကြောင်းအချက်လုံလောက်စွာရှိလေသည် . . ."**

'ဖေဖေက အချဉ်ထုပ်တွေ မစားရဘူးဆို၊ စားပြန်ပြီလား'

'ဖေဖေမှမသိတာ၊ နင်လည်း စားပါလား'

'အို ညစ်ပတ်တယ်တဲ့'

'ပတ်ပတ်ပေါ့၊ ငါတော့ကြိုက်တာပဲ၊ အခု ဒါလေးတစ်ထုပ် ငါးပြားပေးနေရတာ နာတယ်သိလား၊ ကြည့်ပါဦး သုံးဖတ်ထဲရယ်၊ ငါတို့ငယ်ငယ်က နဂါးနီထုပ်ဆိုရင် ကောင်းတယ်နော် ညီလင်း၊ ချိုချို၊ ချဉ်ချဉ်၊ စပ်စပ်၊ ငါးပြားတန်ထုပ်ကလည်း အများကြီးရတယ်'

'မမ ဒါလောက်ပိန်နေတာ အဲဒါတွေစားနေလို့သိလား'

'ဘာဖြစ်သေးလဲ၊ ပိန်တာများ သေတတ်တာကျလို့'

'ဒါပေမဲ့ သေဘေးနဲ့တော့ နီးတာပေါ့'

'ဘာလို့နီးရမှာလဲ၊ ဝတော့မှပိုနီးတာ၊ ဝတဲ့ခန္ဓာကိုယ်က ပိုးမွှားဝင်စရာနေရာများများရှိတာပေါ့၊ ငါတို့လို ပိန်ပိန်လေးတွေကျတော့ ပိုးမွှားဝင်လာဦးတော့ နေရတာကျပ်တာနဲ့ ပြန်ထွက်သွားရော၊ ဟား ဟား'

အမာညိုက စကားနိုင်လုကာပြောသည်။ မရန်းပြားများကုန်သွားပြီဖြစ်သဖြင့် စက္ကူခွံကို လုံးထွေးကာ လွယ်အိတ်ထဲပြန်ထည့်လိုက်သည်။ စာကြည့်စားပွဲနားတွင် စက္ကူခွံများတွေ့ပါက အချဉ်ထုပ်စားသည့်တရားခံကို တန်းပြီးမိသွားမည့်အရေးကို ကြိုတင်မြင်ယောင်မိသောကြောင့်ဖြစ်သည်။

'မိညို၊ ညီလင်း စာကျက်ချိန်မှာကျက်ကြစမ်း၊ တိတ်တော့၊ နောက်တစ်ခွန်းမှ မပြောနဲ့'

ကျော်ထွန်းညိုက နားငြီးလာဟန်နှင့် အော်တော့သည်။ အမာညိုသည် ခေါင်းလေးပုသွားရင်း နှုတ်ခမ်းမဲ့လိုက်သည်။ သို့သော် ဘာမျှပြန်မပြောရဲသည့်အတွက် စာအုပ်ထဲတွင် ခေါင်းစိုက်ထားလိုက်ရလေသည်။

သို့သော် စိတ်က ကြာရှည်မငြိမ်ချေ။ စုလှိုင်ကို သတိရသည်။ စုလှိုင်အကြောင်း တွေးမိပြန်သည်။ စုလှိုင်သည် တသီးတသန့်နေလွန်းသောမိန်းကလေးတစ်ဦးဖြစ်သည်။ မည်သူနှင့်မျှ ရောရောထွေးထွေးမနေတတ်ပေ။ ထို့ကြောင့်လည်း ပြောင်လားနောက်လား၊ လုံးလားထွေးလားနေတတ်သော အမာညိုနှင့် မခင်မင်ခဲ့ခြင်းဖြစ်လေသည်။

'စုလှိုင်က မာနကြီးတယ်' ဟု အကုန်လုံးက သတ်မှတ်ထားကြသည်။ သူ့ဖခင်သည် သူဌေးတစ်ဦးဖြစ်သည်။ တော်လှန်ရေးကောင်စီမတက်မီကာလက ပ ထ စ အမတ်ပင်ဖြစ်ခဲ့သေးသည်ဟုဆိုသည်။ မည်မျှချမ်းသာလဲတော့မသိ။ စုလှိုင်တို့ချမ်းသာသည်ကား အမှန်ပင်။ သူ့အမေကလည်း အလွန်လှသည်ဟု ပြောကြသည်။ သူ့အမေ လှ၊ မလှတော့ အမာညို မမြင်ဖူး၍ မသိခဲ့ရပေ။ သို့သော် စုလှိုင်လှသည်ကိုကား အမာညိုသိလေသည်။ ကိုယ်လုံးသွယ်သွယ်၊ မျက်နှာရှင်းရှင်းနှင့် ကြည့်၍ကောင်းလှသည်ကိုကား အားလုံးလက်ခံမိကြသည်။ ချမ်းသာသည်၊ ရုပ်ချောသည်၊ စာတော်သည်။ စုလှိုင်၏ဘဝတွင် နောက်ထပ်ဘာမျှမလိုတော့ဟုတွေးရင်း အမာညို အားကျမိသေးသည်။ ထိုသို့သောမိန်းကလေးသည်လည်း မာနကြီးရန် အကြောင်းအချက်လုံလောက်စွာ ရှိလေသည်။

သို့သော်၊ သို့သော် အမာညို၏ရင်ထဲတွင် မရှင်းသည်ကား သူ့မျက်လုံးနှင့် သူ့အကြည့်ဖြစ်သည်။ သူ့မျက်လုံးများသည် မျက်တောင်ရှည်များ ဘောင်ခတ်ကာ လှပသော်လည်း နွေးထွေးရွှန်းလက်မှုမရှိချေ။ မာကျောကျော အေးစက်စက်ကြည့်တတ်သော မျက်လုံးများဖြစ်သည်။ သံသယအရိပ်အယောင်များက ထိုမျက်လုံးကို အမြှေးပါးသဖွယ် ရစ်သိုင်းထားလေ့ရှိသေးလေသည်။

'စုလှိုင်က လိမ္မာလိုက်တာဟယ်၊ သိပ်ချစ်ဖို့ကောင်းတာပဲ၊ တကယ်တကယ်' ဟု အမာညိုက ကျေးဇူးတင်စကားပြောသောအခါ စုလှိုင်က 'ဘာလဲ၊ ပန်းယူလာပေးလို့လား' ဟု ခြောက်ကပ်ကပ်အသံနှင့် ပြန်မေးလေသည်။ ထို့နောက် ပျင်းရိငြီးငွေ့လာသလို သမ်းဝေလိုက်သည်ကို အမာညိုပြန်၍ စဉ်းစားကြည့်နေမိသည်။ ထိုမှ အစစအရာရာပြည့်စုံနေသော မိန်းကလေးတစ်ဦးသည် ပျော်ရွှင်တက်ကြွနေသင့်သည်ဟု အမာညို ထင်မိမှတ်မိသည်။ သို့သော် စုလှိုင်ဟူသည့် မိန်းမချောလေးသည် သံသယအခိုးအငွေ့များဝေနေသောမျက်လုံးများနှင့် အရာရာကိုငြီးငွေ့နေသလို ငေးပြီးကြည့်တတ်လေသည်။

'ဟော့ မမ'

ညီလင်းက ခပ်တိုးတိုးလှမ်းခေါ်သောအခါ အမာညို၏အတွေးပြတ်သွားလေသည်။ ခေါ်သူက တိုးတိုးလေးခေါ်၍ သူကလည်း တိုးတိုးလေးပြန်ထူးလိုက်လေသည်။ အသံကျယ်သွားပါက သင်္ချာကုန်းတွက်နေသော ကိုကို ကြားသွားမည်ကို စိုးရိမ်ရသည်။

'ဘာလဲဟ'

'ခင်ယုမေနဲ့ဝါဝါဝင်းရွှေ ဘယ်သူပိုလှလဲဟင်'

'ဝါဝါဝင်းရွှေ လှတာပေါ့'

'အောင်မာ၊ ခင်ယုမေ လှတာပါ မမရာ'

သူ့သဘောနှင့် မတိုက်ဆိုင်သောကြောင့် ညီလင်းက စိတ်ပျက်သွားသည်။ သူတို့သူငယ်ချင်းတစ်စု နေ့ခင်းက ထိုပြဿနာကိုငြင်းခဲ့ကြသည်။ ဝါဝါဝင်းရွှေဘက်က အင်အားမသေးလှချေ။ ထို့အတူ သူပါဝင်သောခင်ယုမေပရိသတ်ကလည်း အင်အားကောင်းသည်။ အကြိတ်အနယ်ငြင်းကြသည်။ အဖြေမထွက်။ ယခု အစ်မဖြစ်သူအား မေးမိသည်။ စစ်ကူရမလားဟု မျှော်လင့်မိသော်လည်း နောက်ထပ်တစ်ကြိမ် တချီတမောင်းငြင်းရဦးမည့်ပုံမို့ ညီလင်း မကျေမနပ်ဖြစ်သွားလေသည်။

**ဆက်လက်ဖော်ပြပါမည်။**

---

# သဲကုန်းမြို့နယ်၌ မဲရုံမှူး ဒုတိယမဲရုံမှူးနှင့်မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းဖွင့်လှစ်

သဲကုန်း ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး နတ်တလင်းခရိုင် သဲကုန်းမြို့နယ် အခြေခံပညာအထက်တန်းကျောင်း သာစုခန်းမ၌ မဲရုံမှူး၊ ဒုတိယမဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များ လုပ်ငန်းလမ်းညွှန်သင်တန်းကို ဒီဇင်ဘာလ ၆ ရက်က ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးယဉ်ထွေးက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌ ဦးအေးသိုက်က သင်တန်းဖွင့်လှစ်ရခြင်း၏ရည်ရွယ်ချက်များ၊ မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူနှင့် မဲရုံအဖွဲ့ဝင်များက ဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ၊ ဥပဒေ၊ နည်းဥပဒေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို သင်တန်းနည်းပြ သုံးဦးဖြင့် သင်တန်းသား၊ သင်တန်းသူ ဆရာ၊ ဆရာမ ၂၅၂ ဦးအား ဒီဇင်ဘာလ ၆ ရက်နှင့် ၇ ရက်တို့တွင် ဖွင့်လှစ်သင်ကြားပေးခဲ့သည်။

သဲကုန်းမြို့နယ်၌ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး အခြေခံအကျဆုံးဖြစ်သည့် မဲစာရင်းများ တိကျမှန်ကန်မှုရှိစေရေး၊ နိုင်ငံသားတိုင်း မဲပေးပိုင်ခွင့်အခွင့်အရေး ပြည့်ဝစွာရရှိစေရေး၊ မဲပေးခြင်းသည် နိုင်ငံသားများမှ အမျိုးသားရေးတာဝန်ထမ်းဆောင်ခြင်းဖြစ်သည့်အတွက် မဲဆန္ဒရှင်စာရင်းများကို တစ်အိမ်တက်ဆင်း (Door to Door) မြေပြင်ကွင်းဆင်းစာရင်းကောက်ယူတိုက်ဆိုင်စစ်ဆေးခြင်း၊ မြန်မာအီလက်ထရောနစ်မဲပေးစက် (MEVM) ဆိုင်ရာ အသိပညာပေးဟောပြောခြင်း၊ MEVM စက်ဖြင့် လက်တွေ့သရုပ်ပြစမ်းသပ်မဲပေးနည်း အသုံးပြုပုံ၊ အသုံးပြုနည်းများကို မဲဆန္ဒရှင်ပြည်သူများ သိရှိစေရန် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ချမ်းမြေ့**

# နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow လာရောက်တွေ့ဆုံ



နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောအား ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့က လာရောက်တွေ့ဆုံစဉ်။

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်ဝန်ကြီးချုပ် ဦးညိုစောထံသို့ ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈) ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံသည်။

ထိုသို့တွေ့ဆုံစဉ် နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် သံတမန်ဆက်ဆံမှု ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံနယ်စပ်ဒေသတည်ငြိမ်ရေး၊ နှစ်နိုင်ငံကုန်သွယ်ရေး၊ စီးပွားရေး ပူးပေါင်းဆောင်ရွက်ရေးနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ မြန်မာနိုင်ငံ၏ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်မှုများ၊ လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရန် ဥပဒေနှင့်အညီ အလေးထားဆောင်ရွက်နေမှုနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် အပြုသဘောဆောင်သော ပူးပေါင်းဆောင်ရွက်မှုများအရှိန်မြှင့်တင်ဆောင်ရွက်သွားမည့်ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်ဆွေ၊ ဒုတိယဝန်ကြီးများနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow၊ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီးနှင့် အဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# မြန်မာ-ထိုင်း နိုင်ငံခြားရေးဝန်ကြီးများ အပြန်အလှန် နှစ်နိုင်ငံ အကျိုးစီးပွားဆိုင်ရာကိစ္စရပ်များဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် ယနေ့တွင် နေပြည်တော်သို့ နေ့ချင်းပြန်ခရီး လာရောက်ခဲ့သည့် ထိုင်းနိုင်ငံခြားရေးဝန်ကြီး H.E.Mr. Sihasak Phuangketkeow နှင့်တွေ့ဆုံဆွေးနွေးပြီး ၎င်းနှင့်ကိုယ်စားလှယ်အဖွဲ့အား Jasmine Nay Pyi Taw Hotel ၌ အလုပ်သဘောနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

နိုင်ငံခြားရေးဝန်ကြီးများက မြန်မာနိုင်ငံနှင့်ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းများဖြစ်ကြပြီး နှစ်နိုင်ငံအကြား တူညီသောယဉ်ကျေးမှုဓလေ့ထုံးတမ်းများ၊ လူမှုဆက်နွယ်မှုများနှင့်စီးပွားရေးအရ အခိုင်အမာအပြန်အလှန်အမှီသဟဲပြုမှုတို့ဖြင့် ချည်နှောင်ထားကြောင်း၊ ယင်းဆက်နွယ်မှုများသည် နှစ်နိုင်ငံအကြား မိတ်ဖက်ဆက်ဆံရေးမြှင့်တင်ရန် ခိုင်မာအားကောင်းသည့် အခြေခံအုတ်မြစ်ဖြစ်ကြောင်း အတည်ပြုသည်။

၎င်းတို့က နှစ်နိုင်ငံနယ်စပ်တစ်လျှောက် တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုထိန်းသိမ်းရေး၏ အရေးပါမှုကို အလေးပေးဆွေးနွေးခဲ့ကြပြီး ယင်းသည် နှစ်နိုင်ငံ နယ်စပ်နေအသိုက်အဝန်းများ သာယာဝပြောရေးအတွက် မရှိမဖြစ်လိုအပ်ကြောင်းပြောကြားခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီးက ထိုင်းနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေသည့် နယ်စပ်ဒေသမှ အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများကို မြန်မာအစိုးရက အမြစ်ဖြတ်တိုက်ဖျက်လျက်ရှိရာတွင် မြန်မာနှင့်အိမ်နီးချင်းနိုင်ငံများအကြား ထိရောက်သောပူးပေါင်းဆောင်ရွက်မှု၏အရေးပါမှုကို ရှင်းလင်းပြောကြားသည်။



ယင်းအပြင် တရားမဝင်ဂိတ်များမှတစ်ဆင့် နယ်စပ်ဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုများကြောင့် ဖြစ်ပေါ်သည့်နောက်ဆက်တွဲ ဆိုးကျိုးများနှင့် မတည်ငြိမ်မှုများအား ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံအကျိုးစီးပွားကိုရှေးရှုလျက် တရားဝင်လမ်းကြောင်းမှ ကုန်သွယ်မှုမြှင့်တင်ရေးအပေါ် အမြင်ချင်းဖလှယ်ခဲ့ကြသည်။

ထို့ပြင် နှစ်နိုင်ငံကိစ္စရပ်များဖြေရှင်းရန်နှင့်အပြန်အလှန်အကျိုးစီးပွားကို မြှင့်တင်ရန် နီးကပ်စွာပူးပေါင်းဆောင်ရွက်သွားမည့်နည်းလမ်းများအား ဆွေးနွေးခဲ့ကြပြီး နှစ်နိုင်ငံသာယာဝပြောရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန် မြန်မာနိုင်ငံအနေဖြင့် ထိုင်းနိုင်ငံအတွက် အစဉ်တံခါးဖွင့်ထားကြောင်း ပြည်ထောင်စုဝန်ကြီးက ပြောကြားသည်။

ထိုင်းနိုင်ငံခြားရေးဝန်ကြီးနှင့်အဖွဲ့သည် မွန်းလွဲပိုင်းတွင် အာဆီယံလူသားချင်းစာနာထောက်ထားမှုအကူအညီပေးအပ်ရေးညှိနှိုင်းမှုဗဟိုဌာန (AHA Centre)မှတစ်ဆင့် ထိုင်းအစိုးရ၏ရန်ပုံငွေဖြင့် ပြန်လည်ပြင်ဆင်တည်ဆောက်ခဲ့သည့် ပုဗ္ဗသီရိမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(သပြေကုန်း)သို့သွားရောက်ကြည့်ရှုကြသည်။

ထို့နောက် ထိုင်းကိုယ်စားလှယ်အဖွဲ့သည် နေပြည်တော်ရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်အား သွားရောက်ဖူးမြော်ခဲ့ကြကြောင်း သိရသည်။

မြဝတီ

# မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း(၃၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီ အစည်းအဝေးကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း (၃၃)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးသူရေးရာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်လှိုင်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်း၊ အထွေထွေအတွင်းရေးမှူး ဒေါ်ခိုင်ခိုင်နွယ်နှင့် တာဝန်ရှိသူများ၊ ညီနောင်အသင်းများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း စီမံခန့်ခွဲရေးကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင်ကော်မတီဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



အခမ်းအနားတွင် သဘာပတိ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးဆန်းလင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးမျိုးမြင့်အောင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးအေးဝင်းတို့က အမှာစကားပြောကြားကြသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို အထွေထွေအတွင်းရေးမှူး ဦးလှိုင်မျိုးက တင်ပြပြီး ပြင်ပစာရင်းစစ် ငွေအဋ္ဌလီ Audit Firm မှ ဒေါ်ဝါဝါလှိုင်က စာရင်းစစ် အစီရင်ခံစာကို ဖတ်ကြားတင်သွင်းကာ နှစ်ပတ်လည် အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းနှင့်၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ် ခန့်အပ်ခြင်းတို့ကိုအတည်ပြုကြသည်။

ယင်းနောက် ၂၀၂၃-၂၀၂၅ အလုပ်အမှုဆောင်သက်တမ်းမှ စီမံခန့်ခွဲရေးကော်မတီဝင်၊ ဗဟိုအလုပ်အမှုဆောင်၊ အလုပ်အမှုဆောင် ကော်မတီဝင်များ သက်တမ်းပြည့်၍ နုတ်ထွက်ကြောင်း ကြေညာပြီး ၂၀၂၅-၂၀၂၈ အလုပ်အမှုဆောင်သစ်များကို ဖတ်ကြားအတည်ပြုကြသည်။

ဆက်လက်၍ မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ အသစ် ဦးမောင်မောင်ဇော်က ကျေးဇူးတင်စကားနှင့် နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

# ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့် ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အဖွဲ့ဝင် နယ်စပ်ရေးရာဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးရာပြည့်သည် ရှမ်းပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်းနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့ရှိ ရှမ်းပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးခွဲ(ကျိုင်းတုံ)သို့ သွားရောက်စစ်ဆေးသည်။

ဦးစွာ ဒေသဖွံ့ဖြိုးမှုကြီးကြပ်ရေးမှူးက ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးက နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းနှင့် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းများ၏ သင်တန်းကျောင်းဆိုင်ရာအချက်အလက်များကိုလည်းကောင်း ရှင်းလင်းတင်ပြရာ လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း၍ ပြည်ထောင်စုဝန်ကြီးက နယ်စပ်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ရှေးရှုပြီး တိုင်းဒေသကြီး၊ ပြည်နယ်အားလုံး အကြားအလပ်မရှိ အကျိုးညီမျှတစွာဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဝန်ထမ်းများအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာ၌ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ဆိုင်ရာ စံတန်ဖိုးများကို တိတိကျကျလိုက်နာ၍ အဂတိတရားကင်းရှင်းစွာဖြင့် ဒေသခံပြည်သူလူထုနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်မှာကြားကာ ဝန်ထမ်းများကို ချီးမြှင့်ငွေများပေးအပ်၍ ရုံးဝင်းအတွင်းရှိ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်ဆောက်ရွက်ထားရှိမှု၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးဝင်းအတွင်းသန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း (ကျိုင်းတုံ)သို့ရောက်ရှိ၍ သင်တန်းသူများ၏လေ့ကျင့်သင်ကြားနေမှု၊ အိပ်ဆောင်၊ စားရိပ်သာ၊ စားဖိုဆောင်နှင့် စာကြည့်တိုက်တို့ကိုလည်းကောင်း နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်း (ကျိုင်းတုံ)သို့ရောက်ရှိကာ ကျောင်းသား၊ ကျောင်းသူအိပ်ဆောင်များ၊ စားရိပ်သာနှင့် အားကစားကွင်းတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ကျိုင်းတုံမြို့မှလွယ်မွေမြို့ရှိ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့ရောက်ရှိပြီး ဝန်ထမ်းများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများကို တွေ့ဆုံ၍ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် သင်ကြားပေးနေသော စာပေအတတ်ပညာများကို အပတ်တကုတ်လေ့လာသင်ယူသွားကြရန် ဆရာ၊ ဆရာမများနှင့် နည်းပြများအနေဖြင့်ဗလငါးတန်နှင့်ပြည့်စုံ၍ နောင်တစ်ချိန်တွင် နိုင်ငံတော်အတွက် အားကိုးအားထားပြုရမည့် နိုင်ငံ့ဝန်ထမ်းကောင်းများ၊ ခေါင်းဆောင်ကောင်းများ ဖြစ်လာအောင် ရည်မှန်းချက်များနှင့်အညီ လေ့ကျင့်သင်ကြားပျိုးထောင်သွားကြရန် မှာကြားကာ ချီးမြှင့်ငွေများပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ကျိုင်းတုံမြို့မှမိုင်းဖြတ်မြို့နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးသို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့်တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ တည်ဆောက်ရေးလုပ်ငန်းများနှင့် ရုံးဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်းဖြတ်မြို့မှတာချီလိတ်မြို့ရှိ အမျိုးသမီးအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်းသို့ရောက်ရှိပြီး ဝန်ထမ်းများ၊ နည်းပြများ၊ သင်တန်းသူများနှင့်တွေ့ဆုံ၍ သင်တန်းသူများအနေဖြင့် သင်ကြားပေးသည့် ဘာသာရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင်ကြိုးစားအားထုတ်လေ့ကျင့်သင်ကြားကာ ကိုယ်ပိုင်စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားပြီး ချီးမြှင့်ငွေများပေးအပ်ပြီး ကျောင်းဝင်းအတွင်း လိုက်လံကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ တာချီလိတ်ခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးနှင့် တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု၊ အာဒီး-နားကျဲ ၃ မိုင် ၂ ဖာလုံအနက် ၁ မိုင် ၄ ဖာလုံ အပြီးသတ်မြေလမ်းဖောက်လုပ်ခြင်းနှင့် Box Culvert လေးစင်းတည်ဆောက်ခြင်း လုပ်ငန်းများကိုကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားခဲ့ကြောင်း သိရသည်။

မြဝတီ

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်အတွင်း လုပ်ငန်းများဆောင်ရွက်မှု ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် လှည့်လည်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဒီဇင်ဘာ ၇

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးနှင့်အတူ ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့သွားရောက်၍ လေဆိပ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ပြည်ပထွက်ခွာ စစ်ဆေးရေးကောင်တာများ၌ ဝန်ထမ်းများ၏လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် လူဝင်မှုကြီးကြပ်ရေး မှတ်တမ်းများထိန်းသိမ်းထားရှိသည့် iBMC ဆာဗာခန်း စနစ်တကျထိန်းသိမ်းထားရှိမှု အခြေအနေကိုလည်းကောင်း၊ ပြည်ပဆိုက်ရောက်ကောင်တာများ၌ ဝန်ထမ်းများ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကိုလည်းကောင်း၊ ဆိုက်ရောက်ဗီဇာ (Visa on Arrival) ဖြင့် ရောက်ရှိလာသည့်ခရီးသည်များအား စစ်ဆေးခွင့်ပြုဆောင်ရွက်သည့်ကောင်တာကိုလည်းကောင်း၊ ပြည်ပနိုင်ငံအသီးသီးမှ မည်သူမည်ဝါဖြစ်ကြောင်း သက်သေခံလက်မှတ်(CI)ဖြင့် ပြန်လည်ရောက်ရှိလာသည့် မြန်မာနိုင်ငံသားများကို မည်သည့်အထောက်အထားမျှ မတင်ပြနိုင်ပါက နိုင်ငံသားစိစစ်ခံရမည့်သူ၏ သက်သေခံကတ်ပြား (NV Card) ထုတ်ပေး၍ NV Card ရရှိပြီးသူများနှင့် နိုင်ငံသားကတ်ပြားတင်ပြနိုင်သူများကို Bographic/ Biometric ကောက်ယူပြီး Unique ID နံပါတ်ထုတ်ပေးမှု အခြေအနေများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် CIP Lounge အစည်းအဝေးခန်းမ၌ လေဆိပ်ရှိ လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ တာဝန်ထမ်းဆောင်နေသည့် ဝန်ထမ်းများကိုတွေ့ဆုံရာဦးစွာလူဝင်မှုကြီးကြပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးရဲထွန်းဦးက လေဆိပ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ လုပ်ငန်းများကိုနိုင်ငံတကာအဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ လူဝင်မှုစစ်ဆေးရေးဆိုင်ရာလုပ်ငန်းများ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်ရေးအခြေအနေကို ရှင်းလင်းတင်ပြပြီး လေဆိပ်တာဝန်ခံ ဒုတိယညွှန်ကြားရေးမှူး ဦးဝင်းမြင့်အောင်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ဆိုက်ရောက်၊ ထွက်ခွာလျက်ရှိသည့် ပြည်တွင်း၊ ပြည်ပလေကြောင်းလိုင်းများ အခြေအနေနှင့် လက်ရှိလူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများဆောင်ရွက်နေမှု၊ လုပ်ငန်းဆိုင်ရာ လိုအပ်ချက်အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းအခက်အခဲများကိုမေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးပြီး လေဆိပ်တာဝန်ကျဝန်ထမ်းများအနေဖြင့် လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ စစ်ဆေးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဝတ်စားဆင်ယင်မှု၊ ပြောဆိုဆက်ဆံမှုတို့ကို အလေးထားကြရန်လိုကြောင်း၊ ခရီးသည်များအပေါ် ယဉ်ကျေးပျူငှာစွာ ဆက်ဆံဆောင်ရွက်ကြရန်နှင့် မလိုလားအပ်ဘဲ ကြန့်ကြာမှု မရှိစေရေး ဂရုပြုဆောင်ရွက်ကြရန်လိုကြောင်း၊ မကြာမီကျင်းပတော့မည့် အထွေထွေရွေးကောက်ပွဲ စောင့်ကြည့်လေ့လာရေးအတွက် လာရောက်ကြမည့် နိုင်ငံခြားသားများ၏လူဝင်မှုကြီးကြပ်ရေးဆိုင်ရာလုပ်ငန်းများ အဆင်ပြေစွာ ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူ အဆင့်ဆင့်က မျက်ခြည်မပြတ်ကြပ်မတ်ဆောင်ရွက်ပေးကြရန်လိုကြောင်း၊ လုံခြုံရေးသတိအမြဲရှိပြီး ဆက်စပ်ဌာနများနှင့်လည်း ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန်လိုကြောင်းရှင်းလင်းမှာကြားကာ တင်ပြချက်များအပေါ် လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းသိရသည်။ မြဝတီ

## ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်

နေပြည်တော် ဒီဇင်ဘာ ၇

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်၊ (တောင်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

(မိုး/ဇလ)

မိမိပိုင် နိုင်ငံသား စိစစ်ရေးကတ်၊ Mobile SIM Card၊ Mobile Payment Account၊ Bank Account များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရွေးကောက်ပွဲများကျင်းပခြင်းမပြုမည့် နယ်မြေများစာရင်းထုတ်ပြန်ကြေညာ

**ယမန်နေ့မှအဆက်**

**အပိုင်း (၁)**

**၅။ စစ်ကိုင်းမြို့နယ်**

၅၆။ ကြွယ်ပုံကျေးရွာအုပ်စု၊
၅၇။ ပဒူကျေးရွာအုပ်စု၊
၅၈။ ကံကြီးကုန်းကျေးရွာအုပ်စု၊
၅၉။ တောင်ရင်းကျေးရွာအုပ်စု၊
၆၀။ ကျောက်ပနန်ကျေးရွာအုပ်စု၊
၆၁။ ခက်ခကျေးရွာအုပ်စု၊
၆၂။ စမွန်းကျေးရွာအုပ်စု၊
၆၃။ ကြခတ်ကျေးရွာအုပ်စု၊
၆၄။ ရေတွင်းကောင်းကျေးရွာအုပ်စု၊
၆၅။ ရွာမကျေးရွာအုပ်စု၊
၆၆။ ငှါတရော်ကျေးရွာအုပ်စု၊
၆၇။ ရှမ်းတပ်ကျေးရွာအုပ်စု၊
၆၈။ ရုန်းပင်ကန်ကျေးရွာအုပ်စု၊
၆၉။ ပြည်တော်သာကျေးရွာအုပ်စု၊
၇၀။ နတ်ခရိုင်ကျေးရွာအုပ်စု၊
၇၁။ ကျောက်ဆည်ကျေးရွာအုပ်စု၊
၇၂။ အောင်သာကျေးရွာအုပ်စု၊
၇၃။ ပန်းချီကျေးရွာအုပ်စု၊
၇၄။ မင်းကွန်းကျေးရွာအုပ်စု၊
၇၅။ ကင်းကျေးရွာအုပ်စု၊
၇၆။ လက်ပံကျေးရွာအုပ်စု၊
၇၇။ စဥ့်ကိုင်ကျေးရွာအုပ်စု၊
၇၈။ ကျောင်းဖြူကျေးရွာအုပ်စု၊
၇၉။ တလိုင်းကျေးရွာအုပ်စု၊
၈၀။ မဲဇလီချောင်းကျေးရွာအုပ်စု၊
၈၁။ ထုံးဘိုကျေးရွာအုပ်စု။

**၆။ တမူးမြို့နယ်**

၁။ အမှတ်(၁)ရပ်ကွက်(မြို့သစ်မြို့)၊
၂။ အမှတ်(၂)ရပ်ကွက်(မြို့သစ်မြို့)၊
၃။ အမှတ်(၃)ရပ်ကွက်(မြို့သစ်မြို့)၊
၄။ အမှတ်(၁)ရပ်ကွက်(ခါမ်းပါတ်မြို့)၊
၅။ အမှတ်(၂)ရပ်ကွက်(ခါမ်းပါတ်မြို့)၊
၆။ အမှတ်(၃)ရပ်ကွက်(ခါမ်းပါတ်မြို့)၊
၇။ အမှတ်(၄)ရပ်ကွက်(ခါမ်းပါတ်မြို့)၊
၈။ အမှတ်(၅)ရပ်ကွက်(ခါမ်းပါတ်မြို့)၊
၉။ ကွန်းတောင်းကျေးရွာအုပ်စု၊
၁၀။ အင်ဒိုင်းကျေးရွာအုပ်စု၊
၁၁။ အလှော်ကျေးရွာအုပ်စု၊
၁၂။ ခမိတ်ကျေးရွာအုပ်စု၊
၁၃။ ဝိတုတ်ကျေးရွာအုပ်စု၊
၁၄။ ပွတ်သာကျေးရွာအုပ်စု၊
၁၅။ ဖိုင်လင်းကျေးရွာအုပ်စု၊
၁၆။ သနန်ကျေးရွာအုပ်စု၊
၁၇။ ဗန္ဓုလကျေးရွာအုပ်စု၊
၁၈။ မင်းသာကျေးရွာအုပ်စု၊
၁၉။ လှည်းဆိပ်ကျေးရွာအုပ်စု၊
၂၀။ ထုံကတင်ကျေးရွာအုပ်စု၊
၂၁။ အောက်တောင်းကျေးရွာအုပ်စု၊
၂၂။ စွန်လည်ကျေးရွာအုပ်စု၊
၂၃။ ရွာသာကျေးရွာအုပ်စု၊
၂၄။ မင်းသမီးကျေးရွာအုပ်စု၊
၂၅။ မလူကျေးရွာအုပ်စု၊
၂၆။ ထင်းဇင်ကျေးရွာအုပ်စု၊
၂၇။ တိန်းကယားကျေးရွာအုပ်စု၊
၂၈။ ကနန်ကျေးရွာအုပ်စု၊
၂၉။ ကျွန်းတောရေရှင်ကျေးရွာအုပ်စု။

**၇။ မုံရွာမြို့နယ်**

၁။ ကိုးရှင်းကျွန်းကျေးရွာအုပ်စု၊
၂။ ဆူးလေကုန်းကျေးရွာအုပ်စု၊
၃။ မအူကျေးရွာအုပ်စု၊
၄။ လယ်ဇင်ကျေးရွာအုပ်စု၊
၅။ ညောင်ဖြူပင်ကျေးရွာအုပ်စု၊
၆။ ဘူးတောင်းကန်ကျေးရွာအုပ်စု၊
၇။ ဘုမ္မနိုးကျေးရွာအုပ်စု၊
၈။ ပုဏ္ဏားမော်ကျေးရွာအုပ်စု၊
၉။ ကျွန်းရွာသစ်ကျေးရွာအုပ်စု၊
၁၀။ ကြာပိုင်ကျေးရွာအုပ်စု၊
၁၁။ မုံရွေးကျေးရွာအုပ်စု၊
၁၂။ ကြေးမုံကျေးရွာအုပ်စု၊
၁၃။ ကြီးအုပ်ကျေးရွာအုပ်စု၊
၁၄။ ခတက္ကန်(မြောက်)ကျေးရွာအုပ်စု၊
၁၅။ ခတက္ကန်(တောင်)ကျေးရွာအုပ်စု၊
၁၆။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊
၁၇။ ဇီးကျွန်းကျေးရွာအုပ်စု၊
၁၈။ ရွာတုံကျေးရွာအုပ်စု၊
၁၉။ ထနောင်းဝင်းကျေးရွာအုပ်စု၊
၂၀။ သာစည်ကျေးရွာအုပ်စု၊
၂၁။ ကျောင်းကုန်းကျေးရွာအုပ်စု၊
၂၂။ နတ်ကြီးကျွန်းကျေးရွာအုပ်စု၊
၂၃။ အင်တိုင်းကျေးရွာအုပ်စု၊
၂၄။ ရောင်တော်တုံးကျေးရွာအုပ်စု၊
၂၅။ အောင်သာကျေးရွာအုပ်စု၊
၂၆။ မရိုးတောကျေးရွာအုပ်စု၊
၂၇။ မြင်းမီးလောင်ကျေးရွာအုပ်စု၊
၂၈။ သစ်ဆိမ့်ကျေးရွာအုပ်စု၊
၂၉။ ထနောင်းတောကျေးရွာအုပ်စု၊
၃၀။ ပလ္လင်ကုန်းကျေးရွာအုပ်စု၊
၃၁။ ခိုးသန်းကျေးရွာအုပ်စု၊
၃၂။ ကံပြားကျေးရွာအုပ်စု၊
၃၃။ ကျောက္ကာ(မြောက်)ကျေးရွာအုပ်စု၊
၃၄။ ကျောက္ကာ(တောင်)ကျေးရွာအုပ်စု၊
၃၅။ ကြိုးကြာကန်ကျေးရွာအုပ်စု၊
၃၆။ ကျွဲရဲကျေးရွာအုပ်စု၊
၃၇။ တဲကြီးကုန်းကျေးရွာအုပ်စု၊
၃၈။ ဖန်းခါးကျင်းကျေးရွာအုပ်စု၊
၃၉။ ဒါန်းပင်တဲကျေးရွာအုပ်စု၊
၄၀။ ဆည်ကြီးတောကျေးရွာအုပ်စု၊
၄၁။ ပုရစ်ကုန်းကျေးရွာအုပ်စု၊
၄၂။ မင်းရွာကျေးရွာအုပ်စု၊
၄၃။ မြေနဲကျေးရွာအုပ်စု၊
၄၄။ ကျောက်စစ်ပုံ(မြောက်)ကျေးရွာအုပ်စု၊
၄၅။ ကျောက်စစ်ပုံ(တောင်)ကျေးရွာအုပ်စု၊
၄၆။ ရေကန်စုကျေးရွာအုပ်စု၊
၄၇။ တောင်မာတောကျေးရွာအုပ်စု၊
၄၈။ တောင်ကြားကျေးရွာအုပ်စု၊
၄၉။ ညောင်ပင်ကျေးရွာအုပ်စု၊
၅၀။ ပေါက်ပင်ကျေးရွာအုပ်စု၊
၅၁။ ဘုဘကျေးရွာအုပ်စု၊
၅၂။ ကျွန်းကြီးကျေးရွာအုပ်စု။

**၈။ ရွှေဘိုမြို့နယ်**

၁။ အမှတ်(၁)ရပ်ကွက်(ရွှေဘိုမြို့)၊
၂။ အမှတ်(၄)ရပ်ကွက်(ရွှေဘိုမြို့)၊
၃။ အမှတ်(၅)ရပ်ကွက်(ရွှေဘိုမြို့)၊
၄။ အမှတ်(၆)ရပ်ကွက်(ရွှေဘိုမြို့)၊
၅။ အမှတ်(၇)ရပ်ကွက်(ရွှေဘိုမြို့)၊
၆။ အမှတ်(၈)ရပ်ကွက်(ရွှေဘိုမြို့)၊
၇။ အမှတ်(၉)ရပ်ကွက်(ရွှေဘိုမြို့)၊
၈။ အမှတ်(၁)ရပ်ကွက်(ကျောက်မြောင်းမြို့)၊
၉။ အမှတ်(၂)ရပ်ကွက်(ကျောက်မြောင်းမြို့)၊
၁၀။ အမှတ်(၃)ရပ်ကွက်(ကျောက်မြောင်းမြို့)၊
၁၁။ အမှတ်(၄)ရပ်ကွက်(ကျောက်မြောင်းမြို့)၊
၁၂။ တဂဏန်းကျေးရွာအုပ်စု၊
၁၃။ ဇီးတောကျေးရွာအုပ်စု၊
၁၄။ အောင်ချမ်းသာကျေးရွာအုပ်စု၊
၁၅။ ဘုံးဘွက်ကျေးရွာအုပ်စု၊
၁၆။ ရင်းဘာကျေးရွာအုပ်စု၊
၁၇။ ပဒေါင်းကျေးရွာအုပ်စု၊
၁၈။ တောင်တင်းကျေးရွာအုပ်စု၊
၁၉။ ရှားတောကျေးရွာအုပ်စု၊
၂၀။ မင်းကုန်းကျေးရွာအုပ်စု၊
၂၁။ အုတ်ရှစ်ကန်ကျေးရွာအုပ်စု၊
၂၂။ ချီပါကျေးရွာအုပ်စု၊
၂၃။ လုံးတော်ကျေးရွာအုပ်စု၊
၂၄။ ပလိုင်းကျေးရွာအုပ်စု၊
၂၅။ ကွန်ဆိပ်ကျေးရွာအုပ်စု၊
၂၆။ ဂန်းစီကျေးရွာအုပ်စု၊
၂၇။ တက်တူကျေးရွာအုပ်စု၊
၂၈။ ထန်းစင်ကျေးရွာအုပ်စု၊
၂၉။ ထနောင်းဝန်းကျေးရွာအုပ်စု၊
၃၀။ ပိတောက်ခေါင်းကျေးရွာအုပ်စု၊
၃၁။ ခွန်တောင်းငယ်ကျေးရွာအုပ်စု၊
၃၂။ စီသာကျေးရွာအုပ်စု၊
၃၃။ ဖုတ်ကုန်းကျေးရွာအုပ်စု၊
၃၄။ တအုံကျေးရွာအုပ်စု၊
၃၅။ ကြိုးကြာကျေးရွာအုပ်စု၊
၃၆။ တကန်သာကျေးရွာအုပ်စု၊
၃၇။ သစ်ချိုပင်ကျေးရွာအုပ်စု၊
၃၈။ ချောင်းဆုံကျေးရွာအုပ်စု၊
၃၉။ ပေါက်တုံကျေးရွာအုပ်စု၊
၄၀။ တံခွန်တိုင်ကျေးရွာအုပ်စု၊
၄၁။ သပြေသစ်ချိုကျေးရွာအုပ်စု၊
၄၂။ ကံဖြူကျေးရွာအုပ်စု၊
၄၃။ ဆင်းကွတ်ကျေးရွာအုပ်စု၊
၄၄။ ကောဲကျေးရွာအုပ်စု၊
၄၅။ ဘိုးတော်တောကျေးရွာအုပ်စု၊
၄၆။ ဆင်အင်းကျေးရွာအုပ်စု၊
၄၇။ သဘွတ်တောကျေးရွာအုပ်စု၊
၄၈။ ကူးတို့ဆိပ်ကျေးရွာအုပ်စု၊
၄၉။ မြင်းစီးကျေးရွာအုပ်စု၊
၅၀။ သရက်ပင်ဂန်းကျေးရွာအုပ်စု၊
၅၁။ ညောင်ကိုင်းကျေးရွာအုပ်စု၊
၅၂။ ရုံးတောကျေးရွာအုပ်စု၊
၅၃။ တယ်ပင်ကျေးရွာအုပ်စု၊
၅၄။ ရွာဆိုးကျေးရွာအုပ်စု၊
၅၅။ ဝါးရုံကန်ကျေးရွာအုပ်စု၊
၅၆။ စောင်တန်းကျေးရွာအုပ်စု၊
၅၇။ ဆိပ်ခွန်ကျေးရွာအုပ်စု၊
၅၈။ တင့်တယ်ကျေးရွာအုပ်စု၊
၅၉။ မြင်းချင်းကျေးရွာအုပ်စု၊
၆၀။ သလုံးကျေးရွာအုပ်စု၊
၆၁။ ရွာတော်ကျေးရွာအုပ်စု၊
၆၂။ ပန်းရုံကျေးရွာအုပ်စု၊
၆၃။ ဇီးဖြူကုန်းကျေးရွာအုပ်စု၊
၆၄။ နှမစားရစ်ကျေးရွာအုပ်စု၊
၆၅။ လိပ်ချင်းကျေးရွာအုပ်စု၊
၆၆။ ညောင်ပင်သာကျေးရွာအုပ်စု၊
၆၇။ ကျားကျေးရွာအုပ်စု၊
၆၈။ ခွန်တောင်းကြီးကျေးရွာအုပ်စု၊
၆၉။ ညောင်ကန်ကျေးရွာအုပ်စု၊
၇၀။ စဥ့်တုံကျေးရွာအုပ်စု၊
၇၁။ ကြက်တက်ကျေးရွာအုပ်စု၊
၇၂။ မအူကျေးရွာအုပ်စု၊
၇၃။ ရွှေဂွန်ကျေးရွာအုပ်စု၊
၇၄။ မလားကျေးရွာအုပ်စု၊
၇၅။ မခေါက်ကျေးရွာအုပ်စု၊
၇၆။ ဆယ်ပင်ကျွန်းကျေးရွာအုပ်စု၊
၇၇။ ကုလားမကျေးရွာအုပ်စု၊
၇၈။ အုန်းပေါက်ကျေးရွာအုပ်စု၊
၇၉။ ကံကြီးတောကျေးရွာအုပ်စု၊
၈၀။ ဝွေးပင်ကုန်းကျေးရွာအုပ်စု၊
၈၁။ တည်ပင်ကျေးရွာအုပ်စု။

**၉။ ဟုမ္မလင်းမြို့နယ်**

၁။ အမှတ်(၁)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၂။ အမှတ်(၂)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၃။ အမှတ်(၃)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၄။ အမှတ်(၄)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၅။ အမှတ်(၅)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၆။ အမှတ်(၆)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၇။ အမှတ်(၇)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၈။ အမှတ်(၈)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၉။ အမှတ်(၉)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၁၀။ အမှတ်(၁၀)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၁၁။ အမှတ်(၁၁)ရပ်ကွက်(ရွှေပြည်အေးမြို့)၊
၁၂။ လောင်းမင်းကျေးရွာအုပ်စု၊
၁၃။ နန်းခမ်းကျေးရွာအုပ်စု၊
၁၄။ နောင်ဆန်းကျင်ကျေးရွာအုပ်စု၊
၁၅။ ခိုတောင်းကျေးရွာအုပ်စု၊
၁၆။ မြင်သာကျေးရွာအုပ်စု၊
၁၇။ အောက်မှန်ကင်းကျေးရွာအုပ်စု၊
၁၈။ နောင်ပိုအောင်ကျေးရွာအုပ်စု၊
၁၉။ လွှစင်ကုန်းကျေးရွာအုပ်စု၊
၂၀။ ဆပ်ကယားကျေးရွာအုပ်စု၊
၂၁။ အော်သော်ကျေးရွာအုပ်စု၊
၂၂။ နောင်ဖာမူကျေးရွာအုပ်စု၊
၂၃။ နတ်နန်းကျေးရွာအုပ်စု၊
၂၄။ သောင်သွတ်ကျေးရွာအုပ်စု၊
၂၅။ နောင်ဆွတ်ခါးကျေးရွာအုပ်စု၊
၂၆။ ကျွန်းကုန်းကျေးရွာအုပ်စု၊
၂၇။ တုံဟဲကျေးရွာအုပ်စု၊
၂၈။ ဝဲဟက်ကျေးရွာအုပ်စု၊
၂၉။ တောင်ပေါ်ကျေးရွာအုပ်စု၊
၃၀။ တောင်ဘို့လှကျေးရွာအုပ်စု၊
၃၁။ ထိန်ကူးကျေးရွာအုပ်စု၊
၃၂။ ညောင်ကုန်းကျေးရွာအုပ်စု၊
၃၃။ ဘိုကုန်းကျေးရွာအုပ်စု၊
၃၄။ ကျောင်းကုန်းကျေးရွာအုပ်စု၊
၃၅။ ဝွေးတောက်ကုန်းကျေးရွာအုပ်စု၊
၃၆။ ပရစ်-ဖါနိုင်းကျေးရွာအုပ်စု၊
၃၇။ ထုံမာဘဲကျေးရွာအုပ်စု၊
၃၈။ တောင်ကင်းကျေးရွာအုပ်စု၊
၃၉။ မန်ဟုန်ကျေးရွာအုပ်စု၊
၄၀။ ခုန်တမ်းကြီးကျေးရွာအုပ်စု၊
၄၁။ စေတီဆိပ်ကျေးရွာအုပ်စု၊
၄၂။ မိုင်းကိုင်းကျေးရွာအုပ်စု၊
၄၃။ နန့်သာကျေးရွာအုပ်စု၊
၄၄။ ရွှေတွင်းကျေးရွာအုပ်စု၊
၄၅။ တာမယ်ပုတ်ကျေးရွာအုပ်စု၊
၄၆။ ရေပေါ်မီးကျေးရွာအုပ်စု၊
၄၇။ မန်စိမ်းကျေးရွာအုပ်စု၊
၄၈။ ဟဲဘက်ကျေးရွာအုပ်စု၊
၄၉။ နောင်မိုးကျေးရွာအုပ်စု၊
၅၀။ မန်သက်ကျေးရွာအုပ်စု၊
၅၁။ လောင်ဖောင်ကျေးရွာအုပ်စု၊
၅၂။ နောင်ခမ်းကျေးရွာအုပ်စု၊
၅၃။ ပုံနွဲကျေးရွာအုပ်စု၊
၅၄။ ထိန်ကုန်းကျေးရွာအုပ်စု၊
၅၅။ မာလုံကျေးရွာအုပ်စု၊
၅၆။ နောင်တောကျေးရွာအုပ်စု၊
၅၇။ နန့်ချောကျေးရွာအုပ်စု၊
၅၈။ ဟဲခမ်းကျေးရွာအုပ်စု၊
၅၉။ နန်းသည္စ်ကျေးရွာအုပ်စု၊
၆၀။ အိုးဘိုကတောက်ကျေးရွာအုပ်စု၊
၆၁။ နောင်ကင်းနားကျေးရွာအုပ်စု။

**အပိုင်း (၂)**

**၁။ ကလေးဝမြို့နယ်**

၁။ ကျော်ဇင်ကျေးရွာအုပ်စု၊

**စာမျက်နှာ ၈ သို့ ⊃**

စာမျက်နှာ ၇ မှအဆက်

၂။ ကျခတ္တောကျေးရွာအုပ်စု၊
၃။ အောက်တောကြီးကျေးရွာအုပ်စု၊
၄။ ဆယ်ကြီးကျေးရွာအုပ်စု၊
၅။ ကိုင်းကျေးရွာအုပ်စု၊
၆။ သစ်ချောက်ကျေးရွာအုပ်စု၊
၇။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊
၈။ ခေါင်းတီးကျေးရွာအုပ်စု၊
၉။ ဆင်ခေါင်းကျေးရွာအုပ်စု၊
၁၀။ ကျွဲကူးကျေးရွာအုပ်စု၊
၁၁။ သင်္ဂန်ကျေးရွာအုပ်စု၊
၁၂။ ဂဇက်ကျေးရွာအုပ်စု၊
၁၃။ နောင်ဖနန်ကျေးရွာအုပ်စု၊
၁၄။ ဟဲဒေါင်းကျေးရွာအုပ်စု၊
၁၅။ ရှမ်းစုကျေးရွာအုပ်စု၊
၁၆။ တွန်လှော်ကျေးရွာအုပ်စု၊
၁၇။ မန်ဖာကြီးကျေးရွာအုပ်စု၊
၁၈။ ကျွဲတပ်ကျေးရွာအုပ်စု၊
၁၉။ မြို့မကျေးရွာအုပ်စု၊
၂၀။ သရက်တောကျေးရွာအုပ်စု၊
၂၁။ အင်ဒိုင်းကျေးရွာအုပ်စု၊
၂၂။ မောင်းခါးကျေးရွာအုပ်စု၊
၂၃။ အင်ဒုတ်ကျေးရွာအုပ်စု၊
၂၄။ မိုးကောင်းကျေးရွာအုပ်စု၊
၂၅။ ရှဲဂန်းကျေးရွာအုပ်စု၊
၂၆။ နန်းပင်းကျေးရွာအုပ်စု၊
၂၇။ ရွာသာကျေးရွာအုပ်စု၊
၂၈။ နန်းဇလိန်ကျေးရွာအုပ်စု၊
၂၉။ မြေသာကျေးရွာအုပ်စု၊
၃၀။ ယောစုကျေးရွာအုပ်စု၊
၃၁။ မထုကျေးရွာအုပ်စု၊
၃၂။ မစိန်ကျေးရွာအုပ်စု၊
၃၃။ ဘလက်သာကျေးရွာအုပ်စု၊
၃၄။ တုန်နန်းကျေးရွာအုပ်စု၊
၃၅။ ချင်းချောင်းကျေးရွာအုပ်စု၊
၃၆။ ခုံကြီးကျေးရွာအုပ်စု။

**၂။ မင်းကင်းမြို့နယ်**

၁။ အူကျေးရွာအုပ်စု၊
၂။ ချောင်းဝကျေးရွာအုပ်စု၊
၃။ တိန်းကျေးရွာအုပ်စု၊
၄။ မြင်ဦးကျေးရွာအုပ်စု၊
၅။ မြို့မကျေးရွာအုပ်စု၊
၆။ မြေနီကျေးရွာအုပ်စု၊
၇။ ပိက္ခယားကျေးရွာအုပ်စု၊
၈။ ယင်းမာကျေးရွာအုပ်စု၊
၉။ ကြာပင်ကျေးရွာအုပ်စု၊
၁၀။ အနောက်ကိုင်းကျေးရွာအုပ်စု၊
၁၁။ မယ်မဲကျေးရွာအုပ်စု၊
၁၂။ ပျားသုံးကျေးရွာအုပ်စု၊
၁၃။ ကုန်းမော်ကျေးရွာအုပ်စု၊
၁၄။ ကျော်ရွာကျေးရွာအုပ်စု၊
၁၅။ ဝင်ဝကျေးရွာအုပ်စု၊
၁၆။ ထုံးကြီးကျေးရွာအုပ်စု၊
၁၇။ တပ်ချောင်းကျေးရွာအုပ်စု၊
၁၈။ ထုံးမန်းကျေးရွာအုပ်စု၊
၁၉။ လင်းလုကျေးရွာအုပ်စု၊
၂၀။ ပသေးကျေးရွာအုပ်စု၊
၂၁။ ကူလဲကျေးရွာအုပ်စု၊
၂၂။ စသာကျေးရွာအုပ်စု၊
၂၃။ လောင်းတည်ကျေးရွာအုပ်စု၊
၂၄။ ပေါက်အိုင်ကျေးရွာအုပ်စု၊
၂၅။ ပွင့်လျှက်ကျေးရွာအုပ်စု၊
၂၆။ ကျွန်းတော်ကျေးရွာအုပ်စု၊
၂၇။ သဘော်ကျေးရွာအုပ်စု၊
၂၈။ ဗရုံကာကျေးရွာအုပ်စု၊
၂၉။ ရှမ်းတောကျေးရွာအုပ်စု၊
၃၀။ မတောကျေးရွာအုပ်စု၊
၃၁။ နန္ဒင်းချောင်းကျေးရွာအုပ်စု၊
၃၂။ ပင်တင်းကျေးရွာအုပ်စု၊
၃၃။ လက်ချိတ်ကျေးရွာအုပ်စု၊
၃၄။ အင်ပင်လှကျေးရွာအုပ်စု၊
၃၅။ မောက္ကတော်ကျေးရွာအုပ်စု၊
၃၆။ မုဿာကျေးရွာအုပ်စု၊
၃၇။ ပိတ်ချင်းတောကျေးရွာအုပ်စု၊
၃၈။ စမြင်ကျေးရွာအုပ်စု၊
၃၉။ ပျဉ်းကိုင်းကျေးရွာအုပ်စု၊
၄၀။ မိုးကောင်းကျေးရွာအုပ်စု၊
၄၁။ သံပေါက်ကျေးရွာအုပ်စု၊
၄၂။ ပန်းဆက်ကျေးရွာအုပ်စု၊
၄၃။ ဘိုင်ကျေးရွာအုပ်စု၊
၄၄။ တုံကျေးရွာအုပ်စု၊
၄၅။ ဇင်ကလဲကျေးရွာအုပ်စု၊
၄၆။ သင်တောကျေးရွာအုပ်စု၊
၄၇။ ဘင်ကျေးရွာအုပ်စု၊
၄၈။ ရှားတောကျေးရွာအုပ်စု၊
၄၉။ ကြွေကျေးရွာအုပ်စု၊
၅၀။ မြောက်ချွန်းကျေးရွာအုပ်စု၊
၅၁။ သမ္ဘရာကျေးရွာအုပ်စု၊
၅၂။ ရွာဘကျေးရွာအုပ်စု၊
၅၃။ ကျောက်တန်းကျေးရွာအုပ်စု။

**၃။ ဝန်းသိုမြို့နယ်**

၁။ မက္ကလက်ကျေးရွာအုပ်စု၊
၂။ ပန်းတိမ်ကုန်းကျေးရွာအုပ်စု၊
၃။ နမော်ကြီးကျေးရွာအုပ်စု၊
၄။ မြောက်လည်ကျေးရွာအုပ်စု၊
၅။ ရေဝေမြင်သာကျေးရွာအုပ်စု၊
၆။ တပ်ကုန်းကျေးရွာအုပ်စု၊
၇။ ကျောက်မဆင်ကျေးရွာအုပ်စု၊
၈။ ကြိုင်းခွင်ကျေးရွာအုပ်စု၊
၉။ ဝင်းကြီးကျေးရွာအုပ်စု၊
၁၀။ အာမခံကျေးရွာအုပ်စု၊
၁၁။ ကျောက်ပေါက်ခုံကျေးရွာအုပ်စု၊
၁၂။ လက်ပံကြီးတောကျေးရွာအုပ်စု၊
၁၃။ လွင်ကြီးကျေးရွာအုပ်စု၊
၁၄။ အောင်းကုန်းကျေးရွာအုပ်စု၊
၁၅။ မယ်ဇလီကျေးရွာအုပ်စု၊
၁၆။ အင်းပုတ်ပေကုန်းကျေးရွာအုပ်စု၊
၁၇။ ညောင်ပင်သာကျေးရွာအုပ်စု၊
၁၈။ ကင်းမြင်သာကျေးရွာအုပ်စု၊
၁၉။ ကြိမ်ဘူးကုန်းကျေးရွာအုပ်စု၊
၂၀။ ကြိမ်ချောင်းကျေးရွာအုပ်စု၊
၂၁။ တောင်ဘို့လှကျေးရွာအုပ်စု၊
၂၂။ ဆေးခင်းခုံကျေးရွာအုပ်စု၊
၂၃။ မော်နိုင်းကျေးရွာအုပ်စု၊
၂၄။ နမ်းခမ်းကျေးရွာအုပ်စု၊
၂၅။ ညောင်ချေထောက်ကျေးရွာအုပ်စု၊
၂၆။ တပ်လွင်ကျေးရွာအုပ်စု၊
၂၇။ တောင်ကုန်းကျေးရွာအုပ်စု၊
၂၈။ မန်ကျည်းပင်ကျေးရွာအုပ်စု၊
၂၉။ ဖီလေးကျေးရွာအုပ်စု၊
၃၀။ ချောင်းဖျားကျေးရွာအုပ်စု၊
၃၁။ မိုင်းသုံကျေးရွာအုပ်စု၊
၃၂။ အောင်းပင်ကျေးရွာအုပ်စု၊
၃၃။ ကျင်းကြီးကျေးရွာအုပ်စု၊
၃၄။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊
၃၅။ မော်ခါးကျေးရွာအုပ်စု၊
၃၆။ ဂျိုးတောင်ကျေးရွာအုပ်စု။

**၄။ ကျွန်းလှမြို့နယ်**

၁။ အင်ဒိုင်းကျေးရွာအုပ်စု၊
၂။ ညောင်ကိုင်းကျေးရွာအုပ်စု၊
၃။ ကုက္ကိုကုန်းကျေးရွာအုပ်စု၊
၄။ သက္ကယ်ကျင်းကျေးရွာအုပ်စု၊
၅။ ကုန်းစီးကျေးရွာအုပ်စု၊
၆။ မော်ကယ်ကျေးရွာအုပ်စု၊
၇။ နောင်ကောက်ကျေးရွာအုပ်စု၊
၈။ သရက်ပင်ကျေးရွာအုပ်စု၊
၉။ လိပ်စင်းတောင်ကျေးရွာအုပ်စု၊
၁၀။ ပေကုန်းကျေးရွာအုပ်စု၊
၁၁။ ရေယိမ်းကျေးရွာအုပ်စု၊
၁၂။ ထိန်တောကျေးရွာအုပ်စု၊
၁၃။ အင်လှကျေးရွာအုပ်စု၊
၁၄။ နွားလည်ဘို့ကျေးရွာအုပ်စု၊
၁၅။ အိမ်ခြေကျေးရွာအုပ်စု၊
၁၆။ တောင်ယာဆိပ်ကျေးရွာအုပ်စု၊
၁၇။ မြင်သာဦးကျေးရွာအုပ်စု၊
၁၈။ လွှတ်တိုက်ကျေးရွာအုပ်စု၊
၁၉။ ရှမ်းကုန်းကျေးရွာအုပ်စု၊
၂၀။ နောင်ဦးကျေးရွာအုပ်စု၊
၂၁။ သစ်ချိုကျေးရွာအုပ်စု၊
၂၂။ ညောင်ပင်ရိုးကျေးရွာအုပ်စု၊
၂၃။ ရေရှင်ကျေးရွာအုပ်စု၊
၂၄။ ချောင်းဇောက်ကျေးရွာအုပ်စု၊
၂၅။ မယားသာကျေးရွာအုပ်စု၊
၂၆။ ထန်းပင်ကုန်းကျေးရွာအုပ်စု။

**၅။ မြင်းမူမြို့နယ်**

၁။ ဝမ်းပြည့်ကျေးရွာအုပ်စု၊
၂။ ဆပ်ပန်းကုန်းကျေးရွာအုပ်စု၊
၃။ ကျွဲရိုက်ကျေးရွာအုပ်စု၊
၄။ ကျော့မင်းကျေးရွာအုပ်စု၊
၅။ ခြေရာတော်ကျေးရွာအုပ်စု၊
၆။ ဝွေးပင်တောကျေးရွာအုပ်စု၊
၇။ ဘိုးမင်းကြီးကင်းကျေးရွာအုပ်စု၊
၈။ တွင်းကြီးကျေးရွာအုပ်စု၊
၉။ စည်ပင်ကျေးရွာအုပ်စု၊
၁၀။ မကျီးစုကျေးရွာအုပ်စု၊
၁၁။ စံတင်ကင်းကျေးရွာအုပ်စု၊
၁၂။ အာလကပ္ပကျေးရွာအုပ်စု၊
၁၃။ လက်ထုတ္တောကျေးရွာအုပ်စု၊
၁၄။ ကုလားပျံကျေးရွာအုပ်စု၊
၁၅။ ထီးဆောင်းကျေးရွာအုပ်စု၊
၁၆။ ပဲကူကျေးရွာအုပ်စု၊
၁၇။ ညောင်ရင်းကျေးရွာအုပ်စု၊
၁၈။ ဂုံညင်းဆိပ်ကျေးရွာအုပ်စု၊
၁၉။ ညောင်မြစ်ကျေးရွာအုပ်စု၊
၂၀။ ပုံညာကျေးရွာအုပ်စု၊
၂၁။ သပြေသာကျေးရွာအုပ်စု၊
၂၂။ မူးမန္တလေးကျေးရွာအုပ်စု၊
၂၃။ ရွှေကျောင်းကန်ကျေးရွာအုပ်စု၊
၂၄။ အင်းမကျေးရွာအုပ်စု၊
၂၅။ ငါးကင်းကျေးရွာအုပ်စု၊
၂၆။ ခွက်ခွင်းကျေးရွာအုပ်စု၊
၂၇။ ထိန်ကန်ကျေးရွာအုပ်စု၊
၂၈။ ကန်တော်ကျေးရွာအုပ်စု၊
၂၉။ ကန်ပြားကျေးရွာအုပ်စု၊
၃၀။ ဆပ်ပြာကျင်းကျေးရွာအုပ်စု၊
၃၁။ နဘဲကြူးကျေးရွာအုပ်စု၊
၃၂။ ပျော့ကျေးရွာအုပ်စု၊
၃၃။ မကျီးကန်ကျေးရွာအုပ်စု၊
၃၄။ မူးဝရွာထောင်ကျေးရွာအုပ်စု၊
၃၅။ တောချောင်းဦးကျေးရွာအုပ်စု၊
၃၆။ ဂရုကျေးရွာအုပ်စု၊
၃၇။ မဲနောကျေးရွာအုပ်စု၊
၃၈။ ရွှေယင်းမာကျေးရွာအုပ်စု၊
၃၉။ ရုံးကားကျေးရွာအုပ်စု၊
၄၀။ ညောင်ပင်ကန်ကျေးရွာအုပ်စု၊
၄၁။ ပဒတ္တိုင်းကျေးရွာအုပ်စု၊
၄၂။ လက်ပကျင်းကျေးရွာအုပ်စု၊
၄၃။ သမန္တောကျေးရွာအုပ်စု၊
၄၄။ ပဋ္ဌာကုံးကျေးရွာအုပ်စု၊
၄၅။ လက်ပန်ကျေးရွာအုပ်စု၊
၄၆။ ကုန်းကျေးရွာအုပ်စု၊
၄၇။ ပဲတောင်းကျေးရွာအုပ်စု၊
၄၈။ ပုလဲတန်ကျေးရွာအုပ်စု။

**၆။ ချောင်းဦးမြို့နယ်**

၁။ အောင်ချမ်းသာကျေးရွာအုပ်စု၊
၂။ ကျီကုန်းကျေးရွာအုပ်စု၊
၃။ ငါးယုန်ကျေးရွာအုပ်စု၊
၄။ ဘူတာကျေးရွာအုပ်စု၊
၅။ ဝယာကျေးရွာအုပ်စု၊
၆။ ခင်မွန်ကျေးရွာအုပ်စု၊
၇။ နွယ်ခွေကျေးရွာအုပ်စု၊
၈။ နတ်ရေကန်ကျေးရွာအုပ်စု၊
၉။ သန်းပင်ကန်ကျေးရွာအုပ်စု၊
၁၀။ ဘလွေကျေးရွာအုပ်စု၊
၁၁။ ငါးလုံးတင်ကျေးရွာအုပ်စု၊
၁၂။ မကျီးခွကျေးရွာအုပ်စု၊
၁၃။ တောကျောင်းကြီးကျေးရွာအုပ်စု၊
၁၄။ ရွှေကူကျေးရွာအုပ်စု၊
၁၅။ တောကျောင်းလေးကျေးရွာအုပ်စု၊
၁၆။ ကင်မွန်းတော်ကျေးရွာအုပ်စု၊
၁၇။ ကုလားကြီးကျေးရွာအုပ်စု၊
၁၈။ ရွှေလှေကျေးရွာအုပ်စု၊
၁၉။ အမြင့်ကျေးရွာအုပ်စု၊
၂၀။ ဆူးလေကုန်းကျေးရွာအုပ်စု၊
၂၁။ ညောင်ပင်သာ(ကိုင်းဆယ်)ကျေးရွာအုပ်စု၊
၂၂။ ချောင်းမနား(ကိုင်းဆယ်)ကျေးရွာအုပ်စု၊
၂၃။ ထူးနီကျေးရွာအုပ်စု၊
၂၄။ သုံးပန်လှကျေးရွာအုပ်စု၊
၂၅။ မှန်ချိုကျေးရွာအုပ်စု၊
၂၆။ ကျောက်စစ်ကန်ကျေးရွာအုပ်စု။

**၇။ ဘုတလင်မြို့နယ်**

၁။ ကျီးပင်ချောင်ကျေးရွာအုပ်စု၊
၂။ ဆုံကုန်းကျေးရွာအုပ်စု၊
၃။ ကံသစ်ကျေးရွာအုပ်စု၊
၄။ အောင်ချမ်းသာကျေးရွာအုပ်စု၊
၅။ ထနောင်းကုန်းကျေးရွာအုပ်စု၊
၆။ မြို့ပေါ်ကျေးရွာအုပ်စု၊
၇။ တောဝေးကျေးရွာအုပ်စု၊
၈။ မကျီးအုပ်ကျေးရွာအုပ်စု၊
၉။ မဝွေးပြင်ကျေးရွာအုပ်စု၊
၁၀။ ကုန်းသာကျေးရွာအုပ်စု၊
၁၁။ နေပူကုန်းကျေးရွာအုပ်စု၊
၁၂။ လွှဲတဲကျေးရွာအုပ်စု၊
၁၃။ မြို့သစ်ချောင်းကျေးရွာအုပ်စု၊
၁၄။ သားဖန်းကျေးရွာအုပ်စု၊
၁၅။ သပြေပင်ကျေးရွာအုပ်စု၊
၁၆။ စီပါကျေးရွာအုပ်စု၊
၁၇။ မောင်းထောင်ကျေးရွာအုပ်စု၊
၁၈။ ဝက်လူးအိုင်ကျေးရွာအုပ်စု၊
၁၉။ ရွာသစ်ရွှေလက်ကျေးရွာအုပ်စု၊
၂၀။ တောင်ကုန်းကျေးရွာအုပ်စု၊
၂၁။ ညောင်ကန်ကျေးရွာအုပ်စု၊
၂၂။ ဆယ်ဝကျေးရွာအုပ်စု၊
၂၃။ ဝွေးပင်ကျင်းကျေးရွာအုပ်စု၊
၂၄။ ခိုးချောင်းကျေးရွာအုပ်စု၊
၂၅။ သခွတ္တနယ်ကျေးရွာအုပ်စု၊
၂၆။ ကူတော်ကျေးရွာအုပ်စု၊
၂၇။ ကျောင်းကျေးရွာအုပ်စု၊
၂၈။ ငရေဝင်ကျေးရွာအုပ်စု၊
၂၉။ ကတိုးကျေးရွာအုပ်စု၊
၃၀။ မောက်တက်ကျေးရွာအုပ်စု၊
၃၁။ ချင်းတွင်းကျေးရွာအုပ်စု၊
၃၂။ ဝက်ပုတ်ကျေးရွာအုပ်စု၊

စာမျက်နှာ ၉ သို့

**၁ စာမျက်နှာ ၈ မှအဆက်**

၃၃။ ဆင်ရန်ကျေးရွာအုပ်စု၊
၃၄။ ငပုရင်းကျေးရွာအုပ်စု၊
၃၅။ ရဲထွက်ကျေးရွာအုပ်စု၊
၃၆။ ဆယ်ကြီးကျေးရွာအုပ်စု၊
၃၇။ ကွမ်းအုံကျေးရွာအုပ်စု၊
၃၈။ အုပ်ဖိုကျေးရွာအုပ်စု၊
၃၉။ ကြို့ကုန်းကျေးရွာအုပ်စု၊
၄၀။ ကင်းစမ်းကျေးရွာအုပ်စု၊
၄၁။ ကံဆွယ်ကျေးရွာအုပ်စု၊
၄၂။ ကွမ်းခြံကျေးရွာအုပ်စု၊
၄၃။ ဇီးတောကျေးရွာအုပ်စု၊
၄၄။ ထန်းတောကျေးရွာအုပ်စု၊
၄၅။ ယုန်လှေးကုန်းကျေးရွာအုပ်စု၊
၄၆။ ရေဘုတလင်ကျေးရွာအုပ်စု၊
၄၇။ လေးမြေကျေးရွာအုပ်စု၊
၄၈။ ဝန်ဘိုကျေးရွာအုပ်စု၊
၄၉။ သီးပင်အိုင်ကျေးရွာအုပ်စု၊
၅၀။ တွင်းကျေးရွာအုပ်စု၊
၅၁။ ဒန်းတိုင်ကျေးရွာအုပ်စု၊
၅၂။ မြောက်တောကျေးရွာအုပ်စု၊
၅၃။ ရွာသစ်ကျေးရွာအုပ်စု၊
၅၄။ နွှေပင်ကြီးကျေးရွာအုပ်စု။

**၈။ အရာတော်မြို့နယ်**

၁။ ကန်သာကျေးရွာအုပ်စု၊
၂။ ကမ်းဖြူကျေးရွာအုပ်စု၊
၃။ ဝါးတန်းကျေးရွာအုပ်စု၊
၄။ ပျော်ပုံကျေးရွာအုပ်စု၊
၅။ ကျောက်ပျောက်ကျေးရွာအုပ်စု၊
၆။ ဝါးရောင်းကျေးရွာအုပ်စု၊
၇။ သခွပ်ပင်လယ်ကျေးရွာအုပ်စု၊
၈။ မလဲသာကျေးရွာအုပ်စု၊
၉။ နောင်ကြီးအိုင်ကျေးရွာအုပ်စု၊
၁၀။ ဝါးတောမကျေးရွာအုပ်စု၊
၁၁။ မှော်တောကျေးရွာအုပ်စု၊
၁၂။ သစ်ကျင်းကြီးကျေးရွာအုပ်စု၊
၁၃။ ငှက်ပျောခြံကျေးရွာအုပ်စု၊
၁၄။ ခြင်ပင်ကျေးရွာအုပ်စု၊
၁၅။ ရေယိုကျေးရွာအုပ်စု၊
၁၆။ ရသစ်ကျေးရွာအုပ်စု၊
၁၇။ အောင်သာကျေးရွာအုပ်စု၊
၁၈။ မြေနက်ကျေးရွာအုပ်စု၊
၁၉။ မင်းကျေးရွာအုပ်စု၊
၂၀။ ငွေတွင်းကျေးရွာအုပ်စု၊
၂၁။ မကျီးစောက်ကျေးရွာအုပ်စု၊
၂၂။ ညောင်ခြေထောက်ကျေးရွာအုပ်စု၊
၂၃။ ဇရစ်ကျေးရွာအုပ်စု၊
၂၄။ ဒုံဒစ်ကျေးရွာအုပ်စု၊
၂၅။ ဝက်ခဲကျေးရွာအုပ်စု၊
၂၆။ သလဲဘာကျေးရွာအုပ်စု၊
၂၇။ ဆင်တလည်ကျေးရွာအုပ်စု၊
၂၈။ မကျီးကန်ကျေးရွာအုပ်စု၊
၂၉။ ရဲချင်းကျေးရွာအုပ်စု၊
၃၀။ အုပ်ရှင်းကြီးကျေးရွာအုပ်စု၊
၃၁။ ခင်သာကျေးရွာအုပ်စု၊
၃၂။ တောင်မွှာကျေးရွာအုပ်စု၊
၃၃။ ကျွန်းတောကျေးရွာအုပ်စု၊
၃၄။ ဘောင်းကျကျေးရွာအုပ်စု၊
၃၅။ ရှားကုန်းကျေးရွာအုပ်စု၊
၃၆။ အုပ်ရှစ်ကြီးကျေးရွာအုပ်စု၊
၃၇။ နေရာခင်းကျေးရွာအုပ်စု၊
၃၈။ လိန်လှကျေးရွာအုပ်စု၊
၃၉။ ကိုင်းကျေးရွာအုပ်စု။

**၉။ ဖောင်းပြင်မြို့နယ်**

၁။ ဟဲလှော်ကျေးရွာအုပ်စု၊
၂။ သရောင်းကျေးရွာအုပ်စု၊
၃။ ခမိုင်းကျေးရွာအုပ်စု၊
၄။ ရွာတန်းရှည်ကျေးရွာအုပ်စု၊
၅။ မိုင်းနွဲ့ကျေးရွာအုပ်စု၊
၆။ နန်းဘုန်းကျေးရွာအုပ်စု၊
၇။ ပါဟဲကျေးရွာအုပ်စု၊
၈။ မောက်စဖာကျေးရွာအုပ်စု၊
၉။ မောက်ပလင်းကျေးရွာအုပ်စု၊
၁၀။ ရေအောက်တောင်းကျေးရွာအုပ်စု၊
၁၁။ ရွှေထီးကုန်းကျေးရွာအုပ်စု၊
၁၂။ သညစ်ကျေးရွာအုပ်စု၊
၁၃။ ထောမကျေးရွာအုပ်စု၊
၁၄။ ဝက်ခေါင်(လွင်ကြီး)ကျေးရွာအုပ်စု၊
၁၅။ နောင်မနားကျေးရွာအုပ်စု၊
၁၆။ ကောက်စားကျေးရွာအုပ်စု၊
၁၇။ ကျော်ရွာကျေးရွာအုပ်စု၊
၁၈။ မိုင်းချောင်းကျေးရွာအုပ်စု၊
၁၉။ အုန်းဒုတ်ကျေးရွာအုပ်စု၊
၂၀။ ဆည်ချောင်းကျေးရွာအုပ်စု၊
၂၁။ သရောင်းအုန်းဒုတ်ကျေးရွာအုပ်စု၊
၂၂။ မန်သဲကျေးရွာအုပ်စု၊
၂၃။ မားသီးကျေးရွာအုပ်စု၊
၂၄။ မှန်ပင်ကျေးရွာအုပ်စု၊
၂၅။ စစ်သောင်ကျေးရွာအုပ်စု၊
၂၆။ နန်းမော်လိုက်ကျေးရွာအုပ်စု၊
၂၇။ စန္ဒားကျေးရွာအုပ်စု၊
၂၈။ မန်မော်ကျေးရွာအုပ်စု၊
၂၉။ အင်းသာနတ်စက်ကျေးရွာအုပ်စု၊
၃၀။ ကရားကျေးရွာအုပ်စု၊
၃၁။ သငါကျေးရွာအုပ်စု၊
၃၂။ အုန်းသာကျေးရွာအုပ်စု၊
၃၃။ မင်းယားကျေးရွာအုပ်စု၊
၃၄။ ကောက်ကွေ့ကျေးရွာအုပ်စု၊
၃၅။ လယ်ဦးကျေးရွာအုပ်စု၊
၃၆။ မြင်သာကျေးရွာအုပ်စု။

**၁၀။ မော်လိုက်မြို့နယ်**

၁။ ယူးဝကျေးရွာအုပ်စု၊
၂။ ခါဝဲကျေးရွာအုပ်စု၊
၃။ ခါတွန်ကျေးရွာအုပ်စု၊
၄။ ဝါးရုံသာကျေးရွာအုပ်စု၊
၅။ ပန်းသာကျေးရွာအုပ်စု၊
၆။ တပ်ကုန်းကျေးရွာအုပ်စု၊
၇။ ဖဲကဇက်ကျေးရွာအုပ်စု၊
၈။ တိန်းသာကျေးရွာအုပ်စု၊
၉။ နားပင်ကျေးရွာအုပ်စု၊
၁၀။ ကင်းတပ်ကျေးရွာအုပ်စု၊
၁၁။ မှော်ကူးကျေးရွာအုပ်စု၊
၁၂။ တွန်းပင်ကျေးရွာအုပ်စု၊
၁၃။ အော်ဇီးခုန်ကျေးရွာအုပ်စု၊
၁၄။ လောင်းကောင်းကျေးရွာအုပ်စု၊
၁၅။ ကြာအင်းကျေးရွာအုပ်စု၊
၁၆။ ဇီးခုံကျေးရွာအုပ်စု၊
၁၇။ နန်းစောက်စောက်ကျေးရွာအုပ်စု၊
၁၈။ မှန်ပင်ကျေးရွာအုပ်စု၊
၁၉။ ထန်းပင်ကုန်းကျေးရွာအုပ်စု၊
၂၀။ ဖာတင်းကျေးရွာအုပ်စု၊
၂၁။ အုပ်ဖိုကျေးရွာအုပ်စု၊
၂၂။ တောင်ကုန်းကျေးရွာအုပ်စု၊
၂၃။ ထော်သာကျေးရွာအုပ်စု၊
၂၄။ နန်းသီကျေးရွာအုပ်စု၊
၂၅။ တောင်းအင်ကျေးရွာအုပ်စု၊
၂၆။ ကောင်းကွေကျေးရွာအုပ်စု၊
၂၇။ ကြူတ်သာကျေးရွာအုပ်စု၊
၂၈။ လောသာကျေးရွာအုပ်စု။

**၁၁။ ရေဦးမြို့နယ်**

၁။ နွှာကုန်းကျေးရွာအုပ်စု၊
၂။ မဲအိုးကျေးရွာအုပ်စု၊
၃။ မြင်းပေါက်ကျေးရွာအုပ်စု၊
၄။ ဖလံခုံကျေးရွာအုပ်စု၊
၅။ ရွာငယ်ကျေးရွာအုပ်စု၊
၆။ ရေမြက်ကျေးရွာအုပ်စု၊
၇။ ညောင်လယ်ကျေးရွာအုပ်စု၊
၈။ နေပူကုန်းကျေးရွာအုပ်စု၊
၉။ အောင်ကဲ့ဇင်ကျေးရွာအုပ်စု၊
၁၀။ ရွာမိဿာကျေးရွာအုပ်စု၊
၁၁။ အောင်သာကျေးရွာအုပ်စု၊
၁၂။ မုတ်စီကျေးရွာအုပ်စု၊
၁၃။ သံသည်ကျေးရွာအုပ်စု၊
၁၄။ ရွာသစ်ကျေးရွာအုပ်စု၊
၁၅။ ချမ်းသာကျေးရွာအုပ်စု၊
၁၆။ တောင်ကွင်ကျေးရွာအုပ်စု၊
၁၇။ ဘုတ်ကျေးရွာအုပ်စု၊
၁၈။ ချောင်းဆုံကျေးရွာအုပ်စု၊
၁၉။ ခြံကျေးရွာအုပ်စု၊
၂၀။ အင်တောကျေးရွာအုပ်စု၊
၂၁။ အင်းကြီးကျေးရွာအုပ်စု၊
၂၂။ ကြာပန်းညိုကျေးရွာအုပ်စု၊
၂၃။ ကြောင်ပန်းတောကျေးရွာအုပ်စု၊
၂၄။ ကန်ပေါက်ကျေးရွာအုပ်စု၊
၂၅။ ကုက္ကိုစုကျေးရွာအုပ်စု၊
၂၆။ ကုံးသာကျေးရွာအုပ်စု၊
၂၇။ ခင်ပင်ကျေးရွာအုပ်စု၊
၂၈။ ခေါင်နွဲ့ကျေးရွာအုပ်စု၊
၂၉။ လိမ်တောကျေးရွာအုပ်စု၊
၃၀။ ဝက်သဲကျေးရွာအုပ်စု၊
၃၁။ လေးကျေးရွာအုပ်စု၊
၃၂။ မုန်တိုင်ပင်ကျေးရွာအုပ်စု၊
၃၃။ အင်ပင်ကျေးရွာအုပ်စု၊
၃၄။ ရွာပုကြီးကျေးရွာအုပ်စု၊
၃၅။ ပုန်းတကားကျေးရွာအုပ်စု၊
၃၆။ လင်းဖြူကျေးရွာအုပ်စု၊
၃၇။ တာတိုင်ကျေးရွာအုပ်စု၊
၃၈။ ညောင်နီကန်ကျေးရွာအုပ်စု၊
၃၉။ ဇေယျဝတီကျေးရွာအုပ်စု၊
၄၀။ မကြီးနီကျေးရွာအုပ်စု၊
၄၁။ စည်သာမြေကျေးရွာအုပ်စု၊
၄၂။ မိတ္ထီလာကျေးရွာအုပ်စု၊
၄၃။ မြို့ကြီးကျေးရွာအုပ်စု၊
၄၄။ ကွမ်းအုံကျေးရွာအုပ်စု၊
၄၅။ ဝင်ဝကျေးရွာအုပ်စု၊
၄၆။ ပြေပ်တုံကျေးရွာအုပ်စု၊
၄၇။ အုပ်ဖိုကျေးရွာအုပ်စု၊
၄၈။ ပလူဇဝကျေးရွာအုပ်စု၊
၄၉။ ဖန်းခါးစဉ်ကျေးရွာအုပ်စု၊
၅၀။ ဖိန်းကားကျေးရွာအုပ်စု၊
၅၁။ တူမောင်းကျေးရွာအုပ်စု၊
၅၂။ တောင်ပြင်ငယ်ကျေးရွာအုပ်စု၊
၅၃။ ပေကြီးကျေးရွာအုပ်စု၊
၅၄။ တမာတောကျေးရွာအုပ်စု၊
၅၅။ တင်းတိမ်ရုံကျေးရွာအုပ်စု၊
၅၆။ ထန်းကြီးကျေးရွာအုပ်စု၊
၅၇။ ထန်းတောကျေးရွာအုပ်စု၊
၅၈။ ဖိန်ဇွန်းကျေးရွာအုပ်စု၊
၅၉။ ရှော်ဖြူကျေးရွာအုပ်စု၊
၆၀။ ချောင်းရှည်ကျေးရွာအုပ်စု။

**( ပုံ ) သန်းစိုး**
**ဥက္ကဋ္ဌ**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ရိုဘက်စတာကော်ဖီနှင့် ပြည်ပပို့ကုန်အမယ်သစ်သီးနှံများတိုးချဲ့စိုက်ပျိုးနိုင်ရေး အသိပညာပေး



ပဲခူး ဒီဇင်ဘာ ၇

ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ မြို့တော်ခန်းမ၌ ဒီဇင်ဘာလ ၆ ရက် နံနက်ပိုင်းတွင် ရိုဘက်စတာကော်ဖီနှင့် ပြည်ပပို့ကုန်အမယ်သစ်သီးနှံများ တိုးချဲ့စိုက်ပျိုးနိုင်ရေး အသိပညာပေးအခမ်းအနားကျင်းပသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းက အမှာစကားပြောကြားပြီး ပဲခူးတိုင်းဒေသကြီးစိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူးဦးစိုင်းသန်းအောင်က ရိုဘက်စတာ(မြေနိမ့်) ကော်ဖီဈေးကွက်အခွင့်အလမ်းနှင့် တိုးချဲ့စိုက်ပျိုးမည့် အစီအစဉ်များကိုရှင်းလင်းပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန ကော်ဖီရာသီသီးနှံဌာနခွဲမှ ကော်ဖီပညာရှင် ဦးစောဝင်းနောင်က ကော်ဖီပျိုးထောင်စိုက်ပျိုးနည်းစနစ်များကိုလည်းကောင်း၊ ရိုဘက်စတာ(မြေနိမ့်)ကော်ဖီ ဝယ်ယူကြိတ်ခွဲတင်ပို့ရောင်းချမှုနှင့်ပတ်သက်၍ ရိုဘက်စတာ(မြေနိမ့်)ကော်ဖီ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးရာဇာရှင်းသန့်နှင့် ဝဥ စိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူ ဝဥ စိုက်ပျိုးရေးလုပ်ငန်းရှင် ဦးလှသိန်းတို့က အသီးသီး ရှင်းလင်းဆွေးနွေးပြောကြားသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ခင်းကျင်းပြသထားသည့် ကော်ဖီနှင့် ဝဥထုတ်ကုန်များအား ကြည့်ရှုအားပေးကြကြောင်းသိရသည်။

ဥဿာတိုင်းသား

## သဇင်(FM)
## အသံလွှင့်အစီအစဉ်
၈-၁၂-၂၀၂၅(တနင်္လာနေ့)

၁။ ၀၉:၀၀ Sport News
၂။ ၁၁:၅၀ ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင်
၃။ ၁၅:၀၀ Jumping For You
၄။ ၁၆:၄၀ I Music
၅။ ၁၈:၂၀ ဂုဏ်ယူအလွမ်း
၆။ ၂၂:၂၀ Goodnight Listeners

# အမွန်မြတ်ဆုံးသောစွန့်လွှတ်ခြင်း၏ တုနှိုင်းဖွယ်ရာမရှိသောဂုဏ်ဒြပ်နှင့်ပြည့်စုံသော သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားတွင် တက်ရောက်လာကြသူများ၏စကားသံများ

ကျော်လွင်၊ လှဲ့ရည်လှိုင်

**နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် ခေတ်အဆက်ဆက်က တိုင်းပြည်အတွက်အသက်စွန့်လွှတ်ခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား (၁၂) ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနှင့် အလေးပြုခြင်းအခမ်းအနားကို ဒီဇင်ဘာလ ၇ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ သူရဲကောင်းဗိမာန်၌ကျင်းပရာ အခမ်းအနားသို့တက်ရောက်လာကြသူများ၏စကားသံများကို ဖော်ပြပေးလိုက်ရပါသည်။**

**ဦးဝဏ္ဏ(ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့) (ဗဟိုဥက္ကဋ္ဌ)**



ဒီနေ့မှာဆိုရင် သူရဲကောင်းဗိမာန်မှာ ကျဆုံးခဲ့လေပြီးသော တပ်မတော်သား အားလုံးကို (၁၂)ကြိမ်မြောက် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲနဲ့ အလေးပြုခြင်းအခမ်းအနားကိုတက်ရောက်ဖြစ်တာပါ။ ဒီနေ့အခမ်းအနားကို စီစဉ်တဲ့အဖွဲ့ကနေဖိတ်ကြားတဲ့အတွက် လာတက်ရောက်ဖြစ်ပါတယ်။ ကျွန်တော်တို့ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့တွေ၊ မိသားစုဝင်တွေအများအပြားလည်းတက်ရောက်ဖြစ်ကြပါတယ်၊ တစ်နိုင်ငံလုံးနဲ့သက်ဆိုင်တဲ့အတွက်ကြောင့်မို့ အဖွဲ့တွေအားလုံးလည်း သူတို့ရဲ့အသိစိတ်ဓာတ်အပြည့်နဲ့ တက်ရောက်လာကြတာကိုတွေ့မြင်ရပါတယ်။ ကျွန်တော်တို့မြန်မာနိုင်ငံမှာ တပ်မတော်ဆိုတာ နိုင်ငံတော်အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းစောင့်ရှောက်နေတဲ့အဖွဲ့အစည်းကြီးဖြစ်ပါတယ်။ တပ်မတော်သားတွေက အသက်ပေါင်းများစွာ ပေးဆပ်ရပြီးတော့ ကျွန်တော်တို့မြန်မာနိုင်ငံကြီးကို တည်ဆောက်ရတာဖြစ်ပါတယ်။ ကျွန်တော်တို့နိုင်ငံက မြန်မာလူမျိုးဗုဒ္ဓဘာသာလူမျိုးနဲ့ပဲ သက်ဆိုင်တာမဟုတ်ပါဘူး။ မြန်မာနိုင်ငံအတွင်းမှာမှီတင်းနေထိုင်ကြတဲ့ ဘာသာကြီးလေးရပ်၊ တိုင်းရင်းသားလူမျိုးနွယ်စု ၁၃၅ မျိုးအားလုံး အကျုံးဝင်သက်ဆိုင်ကြပါတယ်၊အားလုံးကလည်း ဒီဘာသာရပ်ကြီးလေးရပ်ကို အခြေခံကိုးကွယ်ကြတာဖြစ်ပါတယ်။ ဒါကြောင့် နိုင်ငံတော်ကိုကာကွယ်စောင့်ရှောက်တဲ့ တပ်မတော်သားအားလုံးကိုဂုဏ်ပြုရမယ်ဆိုတာ ပြည်သူတွေသိစေမြင်စေချင်ပါတယ်။ တိုင်းပြည်အတွက် ရဲရဲဝံ့ဝံ့အသက်စွန့်ပြီး ကာကွယ်ပေးခဲ့ကြတဲ့ တပ်မတော်သားတွေကိုလည်း အမြဲမမေ့တဲ့အနေနဲ့လည်း ယခုလိုမျိုး အောက်မေ့ဖွယ် အခမ်းအနားကိုလည်း တက်ရောက် ဂုဏ်ပြုပေးသင့်ပါတယ်။ နိုင်ငံတော်အတွက်အရေးကြီးတဲ့အချိန်မှာ နိုင်ငံသားအားလုံးက ကိုယ့်နိုင်ငံကို စည်းလုံးညီညွတ်စွာနဲ့ ပါဝင်ထိန်းသိမ်းစောင့်ရှောက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့ ဘာသာကြီးလေးရပ်အဖွဲ့အားလုံး အနေနဲ့ရော ပြည်သူပြည်သားအားလုံး ကိုယ်စား တပ်မတော်သားအားလုံးကို အမြဲလေးစားဂုဏ်ပြုလျက်ရှိပါတယ်။

**ဦးဝင်းမြင့် (စစ်မှုထမ်းဟောင်း) နေပြည်တော်စစ်မှုထမ်းဟောင်း ကြီးကြပ်ရေးအဖွဲ့(အတွင်းရေးမှူး)**

ကျွန်တော်ကတော့နေပြည်တော် စစ်မှုထမ်းဟောင်းကိုယ်စားပြုအနေနဲ့ ဒီနေ့အခမ်းအနားကို တက်ရောက်တာဖြစ်ပါ



တယ်။ ကျွန်တော်ကတော့နိုင်ငံ့အတွက် အသက်ပေးသွားခဲ့ကြတဲ့ တပ်မတော်သားတွေကို အောက်မေ့ဂုဏ်ပြုချင်တဲ့အတွက် တက်ရောက်တာလည်း ဖြစ်ပါတယ်။ နှစ်တိုင်းလည်းတက်ရောက်ဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ရေးနဲ့လုံခြုံရေးက နိုင်ငံသားတိုင်းမှာလည်း တာဝန်ရှိပါတယ်။ ကျဆုံးသွားတဲ့တပ်မတော်သားတွေက တိုင်းပြည်ကို အသက်စွန့်ကာကွယ်သွားခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့ကလည်း ဂါရဝပြုအလေးပြုခြင်းပဲဖြစ်ပါတယ်၊ ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ပြီးတော့ပြည်ထောင်စုမပြိုကွဲရေး၊တိုင်းရင်းသား စည်းလုံးညီညွတ်မှုမပြိုကွဲရေး၊အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊နိုင်ငံသားတစ်ယောက်အနေနဲ့နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးတွေကို အသိစိတ်ဓာတ်နဲ့ တိုက်ပွဲဝင်နေကြတဲ့ ရှေ့တန်းရောက် တပ်မတော်စစ်သည်များအားလုံး ဘေးရန်အပေါင်းမှကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေလို့ ကျွန်တော်တို့အနေနဲ့ ရောစစ်မှုထမ်းဟောင်းကိုယ်စားအနေနဲ့ပါ ဆုတောင်းပေးလိုက်ပါတယ်။ တပ်မတော်သားအားလုံးကို ပြည်သူတစ်ယောက်အနေနဲ့ ကျွန်တော်တို့ထောက်ခံအားပေးလျက်ရှိပါတယ်။ ကျွန်တော်တို့စစ်မှုထမ်းဟောင်းတွေက နိုင်ငံတော်နဲ့ တပ်မတော်အတွက် အဓိကအရန်အင်အားအဖွဲ့တွေဖြစ်ပါတယ်။ လုပ်သက်ပြည့်ပြီး ပင်စင်ယူပေမယ့် တပ်မတော်ရဲ့အရန်အင်အားဖြစ်တဲ့အတွက် အရန်တပ်ဖွဲ့ဥပဒေအရကျွန်တော်တို့ကလည်း တပ်မတော်အတွက်လိုအပ်လာမယ်ဆိုရင်အမြဲတမ်းအသင့်ရှိပြီး ကျရာအခန်းကဏ္ဍကနေ တာဝန်ထမ်းဆောင်သွားမယ်။ မျိုးဆက်သစ်တပ်မတော်သားများကိုလည်း လေးစားဂုဏ်ပြုရင်း မိမိတို့တိုင်းပြည်ကို စွန့်လွှတ်စွန့်စားသတ္တိရှိစွာနဲ့ရဲရဲဝံ့ဝံ့ကာကွယ်စောင့်ရှောက်သွားကြပါလို့ပြောချင်ပါတယ်။ အခုဆိုရင် ၂၀၂၅ ခုနှစ်ကနေ ၂၀၂၆ ခုနှစ် နှစ်သစ်ကိုရောက်တဲ့အခါမှာ ကျွန်တော်တို့မြန်မာနိုင်ငံတော်ကြီးအေးချမ်းသာယာပြီးတော့ ငြိမ်းချမ်းပါစေလို့ ကျွန်တော်ဆုတောင်းပေးပါတယ်။

**ဦးကျော်ကိုကိုတင် (အခမ်းအနားကျင်းပရေးကော်မတီဝင်)**

ကျွန်တော်တို့ဒီနေ့မှာ သူရဲကောင်းစစ်သည်များအား အောက်မေ့ဖွယ်ဂါရဝပြု



ဆုတောင်းပွဲနဲ့အလေးပြုခြင်းအခမ်းအနားကိုကျင်းပလာတာ (၁၂)ကြိမ်မြောက်ရှိပြီဖြစ်ပါတယ်။ ကျွန်တော်က အခမ်းအနားကျင်းပရေး ကော်မတီဝင်တစ်ယောက်ဖြစ်ပါတယ်။ နေပြည်တော်မှာ ကျင်းပခဲ့တာ ရှစ်ကြိမ်မြောက်ရှိပြီဖြစ်ပါတယ်။ ဒီလိုအခမ်းအနားကျင်းပတဲ့ရည်ရွယ်ချက်က ကျဆုံးအသက်စွန့်သွားခဲ့တဲ့တပ်မတော်သားများကို မမေ့တဲ့ပွဲ၊ ဂုဏ်ပြုတဲ့ပွဲလို့ပြောလို့ရပါတယ်။ ဒီနေ့အခမ်းအနားတက်ရောက်ရတဲ့အခါမှာလည်း ဝမ်းသာဝမ်းနည်းဖြစ်မိပါတယ်။ ဝမ်းနည်းခြင်းက ကျွန်တော်တို့ရဲ့မိသားစုဝင်တွေကိုယ်လက်အင်္ဂါတွေဆုံးရှုံးရတယ်။ အသက်တွေဆုံးရှုံးရတာကိုမြင်ရတော့ စိတ်မကောင်းဖြစ်မိပါတယ်။ ဝမ်းသာမိတာက ကျဆုံးတဲ့တပ်မတော်သားတွေအတွက် ဒီလိုအခမ်းအနားကို (၁၂)ကြိမ်မြောက်ဖြစ်အောင်ကျင်းပနိုင်တဲ့အတွက်ကြောင့်ပါ။ တိုင်းပြည်အေးချမ်းမှ ကျွန်တော်တို့နိုင်ငံလည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ ငြိမ်းချမ်းမှလည်း ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်၊ ငြိမ်းချမ်းရေးရဖို့အတွက်လည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တွေကို ကျွန်တော်တို့ကလည်း ဖိတ်ခေါ်ပါတယ်၊ အားလုံးပူးပေါင်းလိုက်ရင် ကျွန်တော်တို့နိုင်ငံကြီးက ဖွံ့ဖြိုးတိုးတက်မှာဖြစ်ပါတယ်။ အခုလာမယ့်ရွေးကောက်ပွဲမှာလည်း တိုင်းပြည်အကျိုးကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်နိုင်တဲ့လူကို ကြည့်ပြီး ရွေးချယ်နိုင်ပါစေလို့ ပြည်သူတစ်ယောက်အနေနဲ့ကျွန်တော်ပြောချင်ပါတယ်။ ရှေ့တန်းရောက်တပ်မတော်သားများလည်း အောင်ပွဲများအလီလီအောင်မြင်နိုင်ပါစေ။ ဘေးအန္တရာယ်အပေါင်းမှလည်း ကင်းဝေးကြပါစေလို့ ကျွန်တော်ဆုတောင်းပေးပါတယ်။

**ဦးစိုးလှိုင်(ပြည်သူ)**

ကျွန်တော်ကတော့ ဥတ္တရသီရိမြို့နယ် ဇဝနသိဒ္ဓိရပ်ကွက်ကနေ လာတာဖြစ်ပါတယ်။ တပ်မတော်သားတွေကိုလေးစားတဲ့အတွက် အောက်မေ့ဖွယ်ရာ ဂါရဝဆုတောင်းပွဲနဲ့ အလေးပြုခြင်းအခမ်းအနားကိုတက်ရောက်ဖြစ်ပါတယ်။ ပထမဆုံး



အကြိမ်တက်ရောက်ခြင်းဖြစ်ပါတယ်။ ဒီလိုအခမ်းအနားတက်ဖို့ဆိုတာက လူတိုင်းတက်လို့မရတဲ့နေရာလည်းဖြစ်ပါတယ်။ အခမ်းအနားရဲ့ကျင်းပပုံတွေကိုမြင်တဲ့အခါမှာ တပ်မတော်သားတွေတိုင်းပြည်အတွက်အသက်ပေးခဲ့တာတွေကိုလေးစားမိပါတယ်။ အလေးပြုတဲ့အချိန်မှာဆိုရင် စိတ်ထဲမှာ ပိုပြီးဝမ်းနည်းမိပါတယ်။ ရှေ့တန်းရောက် တပ်မတော်သားများလည်းဘေးရန်ကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေ။ မြန်မာပြည်ကြီးလည်း အမြန်ဆုံးတိုးတက်အေးချမ်းသာယာပါစေလို့ ကျွန်တော်ဆုတောင်းပေးပါတယ်။

**ဒေါ်မူမူအေး(ပြည်သူ)**



အန်တီက ရန်ကုန်ကနေလာပြီးဒီနေ့အခမ်းအနားကိုတက်ရောက်ဖြစ်တာပါ။ ကျဆုံးသွားတဲ့တပ်မတော်သားတွေကို လေးစားတဲ့အတွက်ကြောင့် အောက်မေ့ဖွယ်ဂါရဝပြုဆုတောင်းပွဲကို အလေးပြုခြင်းဖြစ်ပါတယ်။ ရန်ကုန်မှာ စကျင်းပတဲ့နှစ်ကတည်းကတက်ရောက်ဖြစ်ပါတယ်။ မနှစ်ကတော့ မတက်ရောက်ဖြစ်ဘူး။ ဒီနှစ်တော့လာဖြစ်အောင်လာပြီး တက်ရောက်ဖြစ်ပါတယ်။ နိုင်ငံမှာတပ်မတော်မရှိရင်မဖြစ်ဘူး။ တပ်မတော်ရှိမှပဲ တိုင်းပြည်ကြီးကရပ်တည်နိုင်မှာဖြစ်ပါတယ်။ မိမိတို့တိုင်းပြည်အတွက် ထမ်းဆောင်နေကြတဲ့တပ်မတော်သားတွေရဲ့စိတ်ဓာတ်ကိုလည်း လေးစားဂုဏ်ယူမိပါတယ်။ ရှေ့တန်းရောက် တပ်မတော်သားများလည်းကျန်းမာကြပါစေလို့ ဘုရားမှာအမြဲဆုတောင်းပါတယ်။ ကျွန်မတို့တိုင်းပြည်ကြီးလည်း အမြန်ဆုံးအေးချမ်းပါစေလို့ ဆုတောင်းပါတယ်။

**မခင်ဘုဏ်းပွင့်စံ(ကယားတိုင်းရင်းသူ)**

ကျွန်မကတော့ ကယားတိုင်းရင်းသားကိုယ်စားပြုအနေနဲ့ အောက်မေ့ဖွယ်ရာဂါရဝပြုဆုတောင်းပွဲနဲ့ အလေးပြုခြင်းအခမ်းအနားကို လာတက်ရောက်ဖြစ်ပါတယ်။ လွမ်းသူပန်းခွေ၊ လွမ်းသူပန်းခြင်းချတဲ့နေရာမှာ တစ်ထောင့်တစ်နေရာမှာ



ပါဝင်ခြင်းဖြစ်ပါတယ်။ ယခင်နှစ်တွေမှာလည်း တက်ရောက်ဖူးပါတယ်။ ဒီလိုမျိုးဂါရဝပြုအခမ်းအနားကို တက်ရောက်ရတဲ့အတွက် ကျွန်မအနေနဲ့ဂုဏ်ယူပါတယ်။ ကျဆုံးသွားတဲ့ သူရဲကောင်းတွေကို မြင့်မြတ်တဲ့ဘုံဘဝမှာ ရောက်ရှိအောင် ဆုတောင်းပေးလိုက်ပါတယ်။ ကောင်းမွန်တဲ့လုပ်ဆောင်ချက်တစ်ခုလို့ပြောလို့ရတဲ့ပွဲလည်းဖြစ်ပါတယ်။ တိုင်းရင်းသားတွေအားလုံးနဲ့ဖွဲ့စည်းထားတဲ့ ပြည်ထောင်စုကြီးကို ငြိမ်းချမ်းခြင်းတွေနဲ့ဖြတ်သန်းစေချင်ပါတယ်။ ရှေ့တန်းရောက်တပ်မတော်သားများလည်း ဘေးအန္တရာယ်ကင်းရှင်းပြီး တရားသောစစ်အောင်မြင်ပါစေလို့ ဆုတောင်းပေးလိုက်ပါတယ်။ ။

# ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ(ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲများ ကျင်းပပြုလုပ်



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။




တြိဂံဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အနောက်တောင်တိုင်းစစ်ဌာနချုပ်၌ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



နေပြည်တော်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အနောက်မြောက်တိုင်းစစ်ဌာနချုပ်၌ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



ရန်ကုန်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၌ စုပေါင်းလမ်းလျှောက်ပွဲ ပါဝင်ဆင်နွှဲသူများ ကိုယ်လက်ကြံ့ခိုင်ရေး လေ့ကျင့်ခန်း ပြုလုပ်စဉ်။



အရှေ့တောင်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

နေပြည်တော် ဒီဇင်ဘာ ၇

လမ်းလျှောက်ခြင်းသည် အရိုးရှင်းဆုံးနှင့် ကျန်းမာရေးအတွက် အကျိုးကျေးဇူးများစွာကို ရရှိစေနိုင်သော အထိရောက်ဆုံး လေ့ကျင့်ခန်းတစ်မျိုးဖြစ်သည့်အတွက် နှစ်စဉ် ဒီဇင်ဘာလကို လူထုအားကစားလအဖြစ် သတ်မှတ်၍ အများပြည်သူစုပေါင်းလမ်းလျှောက်ပွဲများ၊ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလှုပ်ရှားမှုများ၊ အားကစားပြိုင်ပွဲများကို နိုင်ငံတစ်ဝန်း ကျင်းပပြုလုပ်လျက်ရှိသည်။

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာအားကစားလ စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ်များနှင့် ကွပ်ကဲမှုအောက်တပ်နယ်များ၌လည်း ကျင်းပပြုလုပ်လျက်ရှိရာ ဒီဇင်ဘာလ**(ပထမပတ်)**စုပေါင်းလမ်းလျှောက်ပွဲများကို ယနေ့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို နေပြည်တော်ရှိစစ်ကြောရေးနှင့်တည်းခိုရေးစခန်း

**စာမျက်နှာ ၁၂ သို့** ➢

# ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်စွန့်လှူတ်ခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက်ဂုဏ်ပြုပွဲအခမ်းအနား ကျင်းပပြုလုပ်



တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက်ဂုဏ်ပြုပွဲအခမ်းအနားတက်ရောက်လာကြသူများက သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများလွှတ်တင်ကြစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တာဝန်ရှိသူများက ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များ လွှတ်ကြစဉ်။

နေပြည်တော် ဒီဇင်ဘာ ၇

နိုင်ငံတော်လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့အတွက် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း အသက်ပေးကျဆုံးသွားခဲ့သည့် ခေတ်အဆက်ဆက်မှ သူရဲကောင်းစစ်သည်များအား (၁၂)ကြိမ်မြောက်ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်ရှိ သူရဲကောင်းဗိမာန်(နေပြည်တော်)၌ကျင်းပပြုလုပ်သည်။

အဆိုပါအခမ်းအနားတွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦး၊ ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်နှင့် တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီများမှပါတီခေါင်းဆောင်များ၊ ရောင်နီဦးနှင့် မိတ်ဆွေများပရဟိတအသင်း၊ ရွှေပြည်တော်သို့ဆုံမှတ်ပရဟိတအသင်းနှင့်တပ်မတော်အား ချစ်မြတ်နိုးသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို တက်ရောက်လာကြသူများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး နိုင်ငံတော်သီချင်းသီဆိုခြင်း၊ နိုင်ငံတော်အလံအား အလေးပြုခြင်း၊ ခေတ်အဆက်ဆက်က တိုင်းပြည်အတွက် အသက်ပေးလှူသွားကြသည့်သူရဲကောင်းစစ်သည်များအား အလေးပြုခြင်း၊ သစ္စာအဓိဋ္ဌာန်(၄)ချက်ရွတ်ဆိုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။ ထို့နောက် တိုင်းပြည်အတွက် အသက်ပေးလှူသွားခဲ့ကြသည့် သူရဲကောင်းစစ်သည်များအား ဂုဏ်ပြုသောအားဖြင့် ဝမ်းနည်းခြင်းအထိမ်းအမှတ် ၂ မိနစ်ငြိမ်သက်ခြင်း၊ သူရဲကောင်းစစ်သည်များ မြင့်မြတ်သောကောင်းမွန်ရာဘုံဘဝရောက်ရှိစေရန် မိုးပျံပူဖောင်းများလွှတ်တင်ခြင်း၊ ထာဝရငြိမ်းချမ်းရေးရရှိစေရန်ရည်မှန်း၍ အထိမ်းအမှတ်ချိုးဖြူငှက်များလွှတ်ခြင်းတို့ကိုဆောင်ရွက်ကြသည်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးကိုကိုဦးနှင့် ဒုတိယဗိုလ်ချုပ်ကြီးဖုန်းမြတ်တို့က ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းဖြင့် ဂါရဝပြုစဉ်။

ယင်းနောက်တက်ရောက်လာကြသူများက ကျဆုံးစစ်သည်များအတွက် လွမ်းသူ့ပန်းခြင်းများဖြင့် ဂါရဝပြုခြင်းကိုအစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။ ထို့ပြင် ယနေ့နံနက်ပိုင်းတွင်လည်း ကျဆုံးစစ်သည်များအားရည်စူး၍ ပုဗ္ဗသီရိမြို့နယ်၊ အေးမြင့်သာယာအုပ်စု၊ ပေါက်တောကျေးရွာ၊ သဒ္ဓါရုံကျောင်းတိုက်၌ သံဃာတော်များအား အရဟ်ဆွမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများလှူဒါန်း၍ ရေစက်သွန်းချအမျှပေးဝေခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)



အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၌ ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ အားကစားလ (ပထမပတ်) စုပေါင်းလမ်းလျှောက်ပွဲ ကျင်းပစဉ်။

➢ **စာမျက်နှာ ၁၁ မှအဆက်**

စစ်ရေးပြကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၏စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ဘောလုံးကွင်း၌လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက် တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် အားကစားကွင်းနှင့် တပ်နယ်အားကစားကွင်းများ၌လည်းကောင်း၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်း၌လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် အားကစားကွင်း၌လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုအောက်တပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ် ပုသိမ်တပ်နယ်ဘောလုံးကွင်း၌လည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို စစ်တွေတပ်နယ်အားကစားကွင်း၌လည်းကောင်း၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်နှင့် ကွပ်ကဲမှုတပ်နယ်များအလိုက် စုပေါင်းလမ်းလျှောက်ပွဲများကို တိုင်းစစ်ဌာနချုပ် စုပေါင်းတန်းစီကွင်းနှင့် တပ်နယ်စုပေါင်းတန်းစီကွင်းများ၌လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို မန္တလေးနန်းမြို့တွင်းရှိ မြနန်းစံကျော်ရွှေနန်းတော်ကြီးအနီး၌လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်၏ စုပေါင်းလမ်းလျှောက်ပွဲကို တိုင်းစစ်ဌာနချုပ်စစ်ရေးပြကွင်း၌လည်းကောင်း အသီးသီးကျင်းပပြုလုပ်ကြသည်။

အဆိုပါ စုပေါင်းလမ်းလျှောက်ပွဲများတွင် တိုင်းမှူးများ၊ ဒုတိယတိုင်းမှူးများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ တပ်ရင်း/တပ်ဖွဲ့မှူးများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များပါဝင်ဆင်နွှဲကြပြီး သတ်မှတ်နေရာများ၌ စုပေါင်းကိုယ်လက်ကြံ့ခိုင်ရေးလေ့ကျင့်ခန်းများ ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ရုံး/ဌာနများ၏ ဒီဇင်ဘာ အားကစားလ စုပေါင်းလမ်းလျှောက်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ စခန်းမှူးရုံး စခန်းမှူးနှင့် ရုံး/ဌာနများမှ အရာရှိ၊ စစ်သည်၊ မိသားစုများ ပါဝင်ဆင်နွှဲ၍ သတ်မှတ်လမ်းကြောင်းများအတိုင်း စုပေါင်းလမ်းလျှောက်ကြပြီး သတ်မှတ်နေရာ၌ ကိုယ်လက်ကြံ့ခိုင်ရေးများ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ (၁၀၀)

# ဖြောင့်မတ်တည်ကြည်သောအနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက် လူငယ်များနှင့်လက်ချင်းဆက်ကြပါစို့

**ဘုန်းသန့်စင်**

> ❖ **သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာသော နည်းပညာစိန်ခေါ်မှုများနှင့်အတူ အဂတိလိုက်စားမှုဖြစ်စဉ်များကလည်း နည်းပညာကိုတလွဲအသုံးချ၍ နည်းလမ်းပေါင်းစုံကျူးလွန်ဖြစ်ပွားလာကြသည်။ ကမ္ဘာပေါ်တွင် လူငယ်ဦးရေ ၁ ဒသမ ၉ ဘီလီယံခန့်ရှိပြီး ထိုလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်ဟုသိရသည်။ ထို ၂၅ ရာခိုင်နှုန်းခန့်သောလူငယ်များသည် ကမ္ဘာကြီး၏အနာဂတ်ပင်ဖြစ်သဖြင့် ထိုလူငယ်များဖြောင့်မတ်တည်ကြည်ကာ အဂတိလိုက်စားမှုများကင်းစင်နေမှသာ ကမ္ဘာကြီးကလည်း သာယာလှပလာမည်ဖြစ်သည်။**

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း**

ယခုလာမည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့သည် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဖြစ်သည်။ အဂတိလိုက်စားမှုများကို ကမ္ဘာ့နိုင်ငံများစုပေါင်းစွမ်းအားဖြင့် တိုက်ဖျက်နိုင်ရေးအတွက် ကုလသမဂ္ဂအထွေထွေညီလာခံဆုံးဖြတ်ချက်အမှတ် ၅၈/၄ အရ ၂၀၀၃ ခုနှစ်တွင် ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်းကို ကမ္ဘာ့နိုင်ငံများက တစ်ညီတစ်ညွတ်တည်းသဘောတူပြဋ္ဌာန်းခဲ့သည်။ ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များကို ထိရောက်စွာအကောင်အထည်ဖော်နိုင်ရေးနှင့် အဂတိလိုက်စားမှုများကို တိုက်ဖျက်ရာတွင် အဖွဲ့ဝင်နိုင်ငံအချင်းအချင်း ပိုမိုနီးကပ်စွာပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ နှစ်စဉ်အထိမ်းအမှတ်အခမ်းအနားများကို ကမ္ဘာတစ်ဝန်းအောင်အောင်မြင်မြင် ကျင်းပလာခဲ့သည်မှာ ယခုနှစ်တွင် ၂၂ ကြိမ်အထိသို့ပင် ရောက်ရှိလာခဲ့ပြီဖြစ်သည်။ မြန်မာနိုင်ငံသည်လည်း ကွန်ဗင်းရှင်းသို့ ၂၀၁၂ ခုနှစ်တွင် အဖွဲ့ဝင်အဖြစ် ဝင်ရောက်ထားပြီး အထိမ်းအမှတ်အခမ်းအနားများကို နှစ်စဉ်ကျင်းပလျက်ရှိသည်။ ယခုနှစ်တွင်လည်း အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ကို **“ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက် လူငယ်များနှင့်လက်ချင်းဆက်ကြပါစို့”** ဟူသည့် ဆောင်ပုဒ်နှင့်အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်သည်။

အဂတိလိုက်စားမှုဆိုသည်မှာ ဘက်လိုက်ခြင်း၊ ဥပဒေနှင့်ဆန့်ကျင်သောပြစ်မှုများကို ကျူးလွန်ခြင်းဖြစ်ပြီး တရားဥပဒေစိုးမိုးရေးလုပ်ငန်းစဉ်များကိုပါ ထိခိုက်စေနိုင်သည့် ရာဇဝတ်မှုတစ်ခုပင်ဖြစ်သည်။ ဆင်းရဲချမ်းသာကွာဟမှုနှင့်အတူ ကမ္ဘာ့နိုင်ငံများအတွက် ရင်ဆိုင်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကမတူညီနိုင်ကြသော်လည်း အဂတိလိုက်စားမှု၏ဆိုးကျိုးသက်ရောက်မှုများကိုမူ နိုင်ငံတိုင်းက ရင်ဆိုင်ကြုံတွေ့နေရသည်။ အဂတိလိုက်စားမှုများကြောင့် “ဒီမိုကရေစီစနစ်နှင့် တရားဥပဒေစိုးမိုးရေးကို ယိုယွင်းပျက်စီးစေခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများကိုဖြစ်ပေါ်စေခြင်း၊ ဈေးကွက်များကို ပျက်စီးစေခြင်း၊ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများကို လျော့ကျစေခြင်း” စသည့် ဆိုးကျိုးများကို နိုင်ငံကြီးငယ်မရွေးခံစားနေကြရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများကို ဆိုးကျိုးသက်ရောက်မှုများ ပိုမိုဖြစ်ပေါ်စေနိုင်သည်ဟုဆိုသော်လည်း အဂတိလိုက်စားမှုသည် နိုင်ငံကြီးသည်ဖြစ်စေ ငယ်သည်ဖြစ်စေ၊ ချမ်းသာသည်ဖြစ်စေ ဆင်းရဲသည်ဖြစ်စေ၊ မည်သည့်အခြေအနေတွင်ရှိသည်ဖြစ်စေ ဆိုးကျိုးသက်ရောက်မှုများကို ဖြစ်စေမည်သာဖြစ်သည်။

**ဆိုးကျိုးသက်ရောက်မှုများ**

ကွန်ဗင်းရှင်းပါပြဋ္ဌာန်းချက်များအရ “အများပိုင်နှင့် ပုဂ္ဂလိကကဏ္ဍများတွင် လာဘ်ပေးလာဘ်ယူမှုပြုခြင်း၊ အများပြည်သူနှင့် ပုဂ္ဂလိကကဏ္ဍများတွင် အလွဲသုံးစားပြုခြင်း၊ ဩဇာအာဏာကိုသုံးစွဲ၍ မလျော်ဆောင်ရွက်ခြင်း၊ လုပ်ငန်းတာဝန်ကို အလွဲသုံးစားပြုခြင်း၊ တရားမဝင်ကြွယ်ဝချမ်းသာခြင်း၊ ငွေကြေးခဝါချခြင်း၊ အဆိုပါပြစ်မှုများနှင့်ဆက်နွှယ်သည့် ငွေကြေးနှင့်ပစ္စည်းများကို ဖုံးကွယ်ခြင်း၊ တရားစီရင်ခြင်းကို နှောင့်ယှက်ဟန့်တားခြင်း” စသည့်ပြစ်မှုများသည် အဂတိလိုက်စားမှုများပင်ဖြစ်သည်ဟုဖော်ပြထားသည်။ အဂတိလိုက်စားမှုများကြောင့် “နိုင်ငံတော်၏ ပုံရိပ်နှင့် စွမ်းဆောင်မှုကျဆင်းခြင်း၊ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍတို့၏ လုပ်ငန်းကဏ္ဍများကျဆင်းစေခြင်း၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များအား ယိုယွင်းပျက်စီးမှုဖြစ်ပေါ်လာစေခြင်း၊ စီးပွားရေးဆုံးရှုံးမှုနှင့် အရည်အသွေးကျဆင်းစေခြင်း၊ ဆင်းရဲမှုနှင့်မညီမျှကွာဟမှုများဖြစ်ပေါ်စေခြင်း၊ ပုဂ္ဂိုလ်ရေးဆုံးရှုံးမှု၊ ခြိမ်းခြောက်မှုနှင့် အဆင်မပြေမှုများဖြစ်ပေါ်စေခြင်း၊ အခြေခံအဆောက်အအုံများဆုံးရှုံးခြင်း၊ မမှန်ကန်သောစီးပွားရေးနှင့်နိုင်ငံရေးစနစ်များ ဖြစ်ပေါ်စေခြင်း၊ ပြစ်ဒဏ်ကင်းလွတ်ခွင့်နှင့် တရားမျှတမှုမရှိခြင်း၊ အုပ်စုဖွဲ့ပြစ်မှုကျူးလွန်ခြင်းနှင့် အကြမ်းဖက်မှုများဖြစ်ပေါ်စေခြင်း၊ လူ့အဖွဲ့အစည်းတွင် သဘောတရားကွဲလွဲမှုတိုးပွားလာခြင်းနှင့် မတည်ငြိမ်မှုများဖြစ်ပေါ်စေခြင်း၊ ရာသီဥတုပြောင်းလဲမှုနှင့် ဂေဟစနစ်များပျက်စီးခြင်း၊ လူ့အခွင့်အရေးချိုးဖောက်မှုများဖြစ်ပေါ်စေခြင်း၊ လက်နက်ကိုင်ပဋိပက္ခနှင့် ရက်စက်ကြမ်းကြုတ်သောပြစ်မှုများဖြစ်ပေါ်စေခြင်း၊ အများပြည်သူယုံကြည်မှုလျော့ကျခြင်းနှင့် ပူးပေါင်းပါဝင်မှုလျော့နည်းခြင်း” စသည့် ဆိုးကျိုးသက်ရောက်မှုများစွာကို ခံစားရနိုင်သည်။

အဂတိလိုက်စားမှုများကြောင့် နှစ်စဉ် အမေရိကန်ဒေါ်လာ ၃ ဒသမ ၆ ထရီလီယံခန့် ဆုံးရှုံးနေပြီး အဆိုပါပမာဏသည် ကမ္ဘာ့ဂျီဒီပီ၏ ၅ ရာခိုင်နှုန်းကျော်ခန့်ရှိသည်ဟု သိရသည်။ အဂတိလိုက်စားမှုဖြစ်စဉ်များတွင် ပမာဏများပြားသော ငွေကြေးများပါဝင်နေတတ်သဖြင့် ငွေကြေးခဝါချမှုကဲ့သို့သော အခြားသောပြစ်မှုများနှင့် ဆက်နွှယ်ဖြစ်ပွားလေ့ရှိသည်။ အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စွဲဆိုသောပြစ်မှုများတွင် များပြားသောအရေအတွက်ရှိသည့် ပိုင်ဆိုင်မှုများပါဝင်နေတတ်ပြီး ယင်းပစ္စည်းများတွင် နိုင်ငံတော်၏အရင်းအမြစ်များပါဝင်နေသဖြင့် အဂတိလိုက်စားမှုသည် နိုင်ငံတိုင်း၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုကို ခြိမ်းခြောက်နေပြန်သည်။ ပုံစံမျိုးစုံဖြင့် မမြင်ကွယ်ရာတွင် ပုံးကွယ်ဖြစ်ပွားလေ့ရှိသော အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီစစ်ဆေးဖော်ထုတ်ခြင်းသည် နိုင်ငံတော်၏ အရင်းအမြစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ခြင်းသာဖြစ်သည်။

**လူငယ်တွေနဲ့လက်တွဲဖို့လို**

လူ့အဖွဲ့အစည်းအတွင်း အတွင်းလှိုက်စား၍ ကပ်ရောဂါအသွင်ပျံ့နှံ့နေသော အဂတိလိုက်စားမှုများကို တွန်းလှန်တိုက်ဖျက်ရာတွင် နိုင်ငံအတွင်းရှိ နည်းပညာများ၊ အရင်းအမြစ်များနှင့် လုံလောက်မှုမရှိနိုင်ပေ။ ဖြစ်ပွားသည့်ပမာဏနှင့်ဖြစ်ပေါ်နေသည့် ပုံစံတို့က အချိန်နှင့်အမျှပြောင်းလဲနေပြီး နိုင်ငံအတွင်း လျှို့ဝှက်သိုသိပ်စွာဖြစ်ပွားသည့် ပြစ်မှုအသွင်မှသည် နိုင်ငံဖြတ်ကျော်ဖြစ်ပွားသည့် ဂိုဏ်းဖွဲ့ကျူးလွန်တတ်သောပြစ်မှုများအသွင်ဖြစ်လာနေပြီဖြစ်သည်။ နိုင်ငံများ၏ စုပေါင်းစွမ်းအားဖြင့် နည်းပညာကအစပြု၍ အပြန်အလှန်ဖလှယ်ကာ ပူးပေါင်းဆောင်ရွက်မှသာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးလုပ်ငန်းများ ပိုမိုထိရောက်အောင်မြင်လာနိုင်မည်ဖြစ်သည်။

အဂတိလိုက်စားမှုများ၏ သဘောသဘာဝသည် နောက်ကွယ်တွင် ဆက်နွှယ်နေသော ငွေကြေးနှင့်ပစ္စည်းပမာဏတို့မှာ မမျှော်မှန်းနိုင်လောက်အောင်များပြားနေတတ်သဖြင့် ဖြစ်ပွားပြီးမှ စုံစမ်းစစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်သည့်အခါတွင် ဆုံးရှုံးမှုများနိုင်သည်။ မဖြစ်ခင် ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် နိုင်ငံတော်အတွက် “ငွေကြေးနှင့်ပစ္စည်းများဆုံးရှုံးမှု၊ လူ့စွမ်းအားအရင်းအမြစ်ဆုံးရှုံးမှု စသည်တို့ကို ကာကွယ်တားဆီးနိုင်သဖြင့်” ထိရောက်သောတားဆီးကာကွယ်ရေးနည်းစနစ်များကို နိုင်ငံများကစုပေါင်းရှာဖွေနေကြခြင်းဖြစ်သည်။ ကုလသမဂ္ဂကနှစ်စဉ် ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ်သတ်မှတ်၍ အဂတိလိုက်စားမှု တားဆီးကာကွယ်ရေးအတွက် နှစ်စဉ်ဆောင်ပုဒ်များချမှတ်ကာ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများပူးပေါင်း၍ နည်းလမ်းများကို ရှာဖွေဖော်ထုတ်လျက်ရှိသည်။

သိသာထင်ရှားစွာ တိုးတက်ပြောင်းလဲလာသော နည်းပညာစိန်ခေါ်မှုများနှင့်အတူ အဂတိလိုက်စားမှုဖြစ်စဉ်များကလည်း နည်းပညာကို တလွဲအသုံးချ၍ နည်းလမ်းပေါင်းစုံကျူးလွန်ဖြစ်ပွားလာကြသည်။ ကမ္ဘာပေါ်တွင်လူငယ်ဦးရေ ၁ ဒသမ ၉ ဘီလီယံခန့်ရှိပြီး ထိုလူဦးရေသည် ကမ္ဘာ့လူဦးရေ၏ ၂၅ ရာခိုင်နှုန်းခန့်ရှိသည်ဟု သိရသည်။ ထို ၂၅ ရာခိုင်နှုန်းခန့်သောလူငယ်များသည် ကမ္ဘာကြီး၏အနာဂတ်ပင်ဖြစ်သဖြင့် ထိုလူငယ်များ ဖြောင့်မတ်တည်ကြည်ကာ အဂတိလိုက်စားမှုများကင်းစင်နေမှသာ ကမ္ဘာကြီးကလည်း သာယာလှပလာမည်ဖြစ်သည်။ ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများအနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် မျိုးဆက်သစ်လူငယ်များ၏ စွမ်းအားကို အသုံးချ၍ ၎င်းတို့နှင့်လက်တွဲကာ အနာဂတ်ကမ္ဘာကို ဖြောင့်မတ်တည်ကြည်မှု၊ အဂတိလိုက်စားခြင်းကင်းစင်မှုတို့ဖြင့် ပုံဖော်နိုင်ရေးအတွက် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင်ကျရောက်သည့် (၂၂) ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်ကို **“ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့ – Uniting with Youth Against Corruption : Shaping Tomorrow’s Integrity”** ဟု ချမှတ်ထားခြင်းဖြစ်သည်။

**ကွန်ဗင်းရှင်းအဖွဲ့ဝင်မြန်မာနိုင်ငံ**

မြန်မာနိုင်ငံသည် ၂၀၁၂ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် ကွန်ဗင်းရှင်းသို့အဖွဲ့ဝင်အဖြစ် ဝင်ရောက်ခဲ့ပြီး နိုင်ငံတကာနှင့် လက်တွဲဆောင်ရွက်ရာတွင် ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၃ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ပြဋ္ဌာန်းခဲ့သည်။ ၂၀၁၄ ခုနှစ်တွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်ကို စတင်ဖွဲ့စည်းခဲ့ကာ အဂတိပယ်ခွာပြည်သာယာဆိုသည့် ဆောင်ပုဒ်ကို လက်ကိုင်ထားလျက် အဂတိလိုက်စားမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူဆောင်ရွက်လျက်ရှိသည်။ အဂတိလိုက်စားမှုများကြောင့် နိုင်ငံတော်ပိုင်ပစ္စည်းများ၊ လူ့အဖွဲ့အစည်းနှင့် နိုင်ငံသားများ၏ အခွင့်အရေးနှင့်အကျိုးစီးပွားများကို ထိခိုက်မှုမရှိစေရေးနှင့် အဂတိလိုက်စားမှုကျူးလွန်သူများကို ထိရောက်စွာအရေးယူနိုင်ရေးအတွက် “အဂတိလိုက်စားမှုတားဆီးကာကွယ်ရေး၊ အသိပညာပေးရေး၊ စုံစမ်းစစ်ဆေးရေး” စသည့်လုပ်ငန်းများကို ဥပဒေနှင့်အညီ ဆောင်ရွက်လျက်ရှိသည်။

အသေးစားအဂတိလိုက်စားမှုများ လျော့နည်းကျဆင်းလာပြီး ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ၏ အရည်အသွေးများ တိုးတက်ကောင်းမွန်လာစေရေးအတွက် ပြည်ထောင်စုဝန်ကြီးဌာန/ အဖွဲ့အစည်းများနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ်အစိုးရအဖွဲ့များတွင် အဂတိလိုက်စားမှုတားဆီးကာကွယ်ရေးအဖွဲ့များကို ဖွဲ့စည်းထားပြီး တားဆီးကာကွယ်ရေးလုပ်ငန်းများကို ထိရောက်စွာအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ အများပြည်သူဝန်ဆောင်မှုလုပ်ငန်းများအပေါ် ပြည်သူလူထု၏ ယုံကြည်မှုပိုမိုတိုးတက်လာစေရေးအတွက် အများပြည်သူထံမှ တုံ့ပြန်မှုရယူခြင်းအစီအစဉ်ကိုလည်း ဝန်ကြီးဌာန/ အဖွဲ့အစည်း ၃၃ ခုနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့သုံးခုတို့တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ ဝန်ဆောင်မှုရယူသော ပြည်သူများအနေဖြင့် မိမိတို့ရယူသည့် ဝန်ဆောင်မှုများနှင့်စပ်လျဉ်း၍ သဘောထားအကြံပြုချက်များကို Short Code နံပါတ် 1111 မှတစ်ဆင့် ပြန်လည်ကာဖော်ပြပေးပို့နိုင်သည်။

**လူငယ်အသိပညာပေး**

ကော်မရှင်အနေဖြင့်ဥပဒေနှင့်အညီ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိရာတွင် မျိုးဆက်သစ်လူငယ်များ၏စွမ်းအားကိုလည်း ဖယ်ချန်ထားခြင်းမရှိပေ။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုသည်မှာ လူတို့၏ ကိုယ်ကျင့်သိက္ခာဖောက်ဖျက်မှုများကို ဥပဒေနှင့်အညီ တည့်မတ်ပေးခြင်းသာဖြစ်သဖြင့် မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြင့်တင်ရေး

စာမျက်နှာ ၁၄ သို့ ➢

➢ **စာမျက်နှာ ၁၃ မှအဆက်**

ဆောင်ရွက်ခြင်းသည် အဂတိလိုက်စားမှုတိုက်ဖျက်ရေး၏ အနှစ်သာရဟုပင်ဆိုနိုင်သည်။ အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းကဆိုသည်နှင့်အညီ မျိုးဆက်သစ်လူငယ်များ ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအတွက် ကျင့်ဝတ်လိုက်နာရေးဆိုင်ရာ အသိပညာပေးလှုပ်ရှားမှု - Edutainment အစီအစဉ်များကို ဆောင်ရွက်နေသည်ကိုတွေ့ရသည်။ ၂၀၂၂ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကျောင်းသားလူငယ်ဖြောင့်မတ်တည်ကြည်မှုမြှင့်တင်ရေးအစီအစဉ်အဖြစ် အခြေခံပညာကျောင်း ၃၂၁ ကျောင်းတွင် ဆောင်ရွက်နိုင်ခဲ့သည်ကိုလည်းတွေ့ရသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် လူငယ်တို့၏အခန်းကဏ္ဍ စကားဝိုင်းဆွေးနွေးပွဲများကိုလည်း တက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့်စာသင်ကျောင်း ၄၅ ခုတွင် ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် မျိုးဆက်သစ်လူငယ်များအနေဖြင့် ငယ်စဉ်ကတည်းက ဖြောင့်မတ်တည်ကြည်မှုစံတန်ဖိုးများကို သိရှိလိုက်နာတတ်သူများဖြစ်လာစေရေးတွင် အခြေခံပညာ ဆရာ/ဆရာမများ၏ အခန်းကဏ္ဍကလည်း အရေးကြီးသဖြင့် ဆရာ/ဆရာမများအနေဖြင့် မျိုးဆက်သစ်လူငယ်များကို အဂတိလိုက်စားမှု၏ ဆိုးကျိုးသက်ရောက်မှုများကို ပိုမိုသင်ကြားပေးနိုင်ရေးအတွက် နွေရာသီကျောင်းပိတ်ရက်များတွင် ဖွင့်လှစ်သည့် “ဆရာ/ဆရာမများ မွမ်းမံသင်တန်းများ”၌ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဆိုင်ရာ အသိပညာပေးသင်ခန်းစာဆွေးနွေးပို့ချခြင်းကို ၂၁၃ ကြိမ်အထိ ဆောင်ရွက်နိုင်ခဲ့သည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် အသိပညာပေးခြင်းနည်းလမ်းသည် အခြေခံကျသည့် နည်းလမ်းတစ်ခုဖြစ်သည့်အတွက် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားတွင် ရုပ်ပြသရုပ်ဖော်တေးသီချင်းများထုတ်လွှင့်ခြင်း၊ Animation ဇာတ်လမ်းတိုနှင့်ပြဇာတ်များပြသခြင်းတို့ကို ဆောင်ရွက်နေသည်ကို တွေ့ရသည်။ “အဂတိလိုက်စားမှုတိုက်ဖျက်ရေးအသိပညာပေးစကားဝိုင်း” ကိုလည်း ထုတ်လွှင့်ပြသလျက်ရှိပြီး မျိုးဆက်သစ်လူငယ်များအပါအဝင် နိုင်ငံသူနိုင်ငံသားတိုင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရေး အသိပညာပေးဆောင်ရွက်လျက်ရှိသည်။

**နိုင်ငံ့ဘဏ္ဍာမဆုံးရှုံးစေဖို့**

နိုင်ငံတော်၏ အရင်းအမြစ်များ ဘဏ္ဍာရန်ပုံငွေများကို အဂတိလိုက်စားမှုများကြောင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေးကာကွယ်ပေးခြင်းဖြင့် နိုင်ငံသူနိုင်ငံသားတို့၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများအတွက် ဘဏ္ဍာရန်ပုံငွေများ ပိုမိုရရှိလာနိုင်သည်။ မျိုးဆက်သစ်လူငယ်များအတွက် လိုအပ်သည့် ပညာရေး၊ ကျန်းမာရေး၊ လူမှုစီးပွားဝဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးရည်မှန်းချက်များကိုလည်း ပြည့်ဝစေနိုင်သည်။ သို့ဖြစ်ရာ ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုများကို ဥပဒေနှင့်အညီ စစ်ဆေးဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိရာတွင် ၂၀၁၄ ခုနှစ်မှ ၂၀၂၅ ခုနှစ် နိုဝင်ဘာလအထိ မြန်မာငွေကျပ် ၃၆ ဒသမ ၆၉ ဘီလီယံကျော်နှင့် အမေရိကန်ဒေါ်လာ ၄ သန်းကျော်ကို နိုင်ငံတော်ဘဏ္ဍာအဖြစ် ပြန်လည်သိမ်းဆည်းပေးသွင်းနိုင်ခဲ့သည်။ ထို့ပြင် နိုင်ငံ့ဘဏ္ဍာဆုံးရှုံးမှုမရှိစေရေး ကာကွယ်ပေးမှုအနေဖြင့် မြန်မာငွေကျပ် ၂၁၅ ဘီလီယံကျော်နှင့် ယူရို ၃ သန်းကျော်ရှိခဲ့သည်ဟုသိရသည်။

**ဂုဏ်ယူစွာဖြင့်**

ကော်မရှင်အနေဖြင့် အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ ဒေသတွင်းအဖွဲ့အစည်းများ၊ အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့ဝင်နိုင်ငံများစသည်ဖြင့် နိုင်ငံတကာနှင့် မျက်ခြည်မပြတ်ပူးပေါင်းဆောင်ရွက်လျက်ရှိသည်။ ဒေသတွင်းအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့အစည်းတစ်ခုဖြစ်သည့် အာဆီယံအဂတိလိုက်စားမှုတိုက်ဖျက်ရေးအဖွဲ့သို့လည်း အဖွဲ့ဝင်အဖြစ်ဝင်ရောက်ထားသည်ကိုတွေ့ရသည်။ မလေးရှားနိုင်ငံ၌ ကျင်းပခဲ့သည့် အဖွဲ့၏ (၂၁) ကြိမ်မြောက် အကြီးအမှူးများ အစည်းအဝေးသို့ကော်မရှင်ဥက္ကဋ္ဌ ဦးလွင်ဦး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့တက်ရောက်ကာ ၂၀၂၆ ခုနှစ်တွင် အဖွဲ့၏အစည်းအဝေးများကို မြန်မာနိုင်ငံ၌ အိမ်ရှင်အဖြစ်လက်ခံကျင်းပရေးကိစ္စရပ်များကိုပါ အောင်အောင်မြင်မြင် ဆွေးနွေးနိုင်ခဲ့သည်။ ယခုနှစ်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ဆောင်ပုဒ်နှင့် လိုက်လျောညီထွေရှိသည့် ASEAN Youth; Upholding Integrity, Building a Corruption-Free Future ဆိုသည့် ဆောင်ပုဒ်ဖြင့်အဖွဲ့၏ လုပ်ငန်းတာဝန်များကို ဆက်လက်ထမ်းဆောင်သွားမည်ဖြစ်သည်။

၂၀၂၄ ခုနှစ်တွင် ကျရောက်ခဲ့သည့် (၂၁)ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်အခမ်းအနားသို့ နိုင်ငံတော်အကြီးအကဲကိုယ်တိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့ပြီး “လူတွေမှာ ချစ်ခြင်း၊ မုန်းခြင်း၊ လောဘ၊ ဒေါသ၊ မောဟ၊ ဘယာ စတဲ့စိတ်အညစ်အကြေးတွေကြောင့် အဂတိကျူးလွန်လာကြတာဖြစ်ပါတယ်။ ဒါကြောင့် လူငယ်တွေ၊ ကျောင်းသားတွေ ကျောင်းသူတွေကို ငယ်ရွယ်စဉ်ကစပြီး အဂတိကင်းရှင်းစေဖို့၊ စိတ်ထားဖြူစင်သန့်ရှင်းစေဖို့အတွက် လူ့ဂုဏ်သိက္ခာနဲ့ လူမှုကျင့်ဝတ်တွေကို သွန်သင်ပြသဆုံးမပေးကြဖို့ လိုအပ်ပါတယ်” ဟု ထည့်သွင်းလမ်းညွှန်မှာကြားခဲ့သည်။ ကော်မရှင်အနေဖြင့်လည်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များနှင့်လက်တွဲလျက် နည်းလမ်းပေါင်းစုံဖြင့် ဆောင်ရွက်နေသည်ကို တွေ့ရသည်။ ယခုနှစ် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့တွင် ကျရောက်သည့် (၂၂)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အတွက် ချမှတ်ထားသော “ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကို ဖော်ဆောင်ဖို့ အဂတိတိုက်ဖျက်လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့” ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ဆောင်ရွက်နေသည့် ကော်မရှင်၏ အဂတိလိုက်စားမှုတိုက်ဖျက်ရေးလုပ်ငန်းများတွင် လူငယ်များ ပိုမိုပူးပေါင်းပါဝင်လာစေကြောင်း ရည်ရွယ်ရင်းဖြင့် (၂၂) ကြိမ်မြောက်အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အား ကြိုဆိုဂုဏ်ပြုလိုက်ရပေသည်။ ။

## ပြည်သာယာဖို့ ညီညာပါစို့

❖ အများပေါင်းလျှင် အကြောင်းလှသမို့
စည်းလုံးကြ တို့ညီနောင်။
တိုင်းရင်းသားစုံ ညီညွတ်အားဖြင့်
ကြိုးစားဂုဏ်ဆောင်။
အနာဂတ်ရဲ့ ဂုဏ်ရောင်
ပြည်ထောင်စု တိုင်းရင်းသား။
အတူနေ တစ်စိတ်တစ်ဝမ်းတည်း
စည်းလုံးမှုအား။

❖ တို့ပြည်သူ ညီနောင်အများ
ပြည့်ခွန်အား ရဲရင့်သော်။
အမျိုးဂုဏ် သတ္တိအစွမ်း
ဂုဏ်လွှမ်းထင်ပေါ်။
ပြည်ထောင်စု နိုင်ငံတော်
ကျူးကျော်ရန် ကင်းစင်ဝေး။
အမိမြေ ချစ်သောစိတ်
ဦးထိပ်ပန်လေး။

❖ ဘက်စုံသာ ပြည်ထောင်စု
စည်းလုံးမှု ညီညွတ်နေ။
တို့နိုင်ငံ အမြင့်ရောက်
ထိုးဖောက်နိုင်ပေ။
ကိုယ့်လူမျိုး ကိုယ်စောင့်ရှောက်လေ
မြဲမသွေ အစဉ်လာကောင်း။
ပြည်မြန်မာ တည်တံ့မယိမ်းအောင်ပ
ညီညီညာ အကြည်ဓာတ်ကိန်းစေကွဲ့
(ကွယ်တို့ရေ.......)
ထိန်းသိမ်းစေကြောင်း။ ။

**ချာန်လေး(ပညာရေး)**

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ လျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏ တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## MWD Education,Knowledge & Sports Channel

၈-၁၂-၂၀၂၅(တနင်္လာနေ့)

၁။ ၀၇:၀၀ မှ ၀၈:၃၅ Grade-6
မြန်မာစာ၊ အင်္ဂလိပ်စာ

၂။ ၁၅:၃၀ မှ ၁၆:၁၀ Grade-6
သင်္ချာ(၁)၊ သင်္ချာ(၂)

၃။ ၁၆:၁၀ မှ ၁၇:၀၅ Grade-6
ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ

၄။ ၁၇:၀၅ မှ ၁၇:၄၀ Grade-3
မြန်မာစာ၊ အင်္ဂလိပ်စာ

၅။ ၁၇:၄၀ မှ ၁၈:၃၀ Grade-3
သင်္ချာ၊ လူမှုရေး၊ သိပ္ပံ




## မြန်မာ့ပင်လယ်ပြင်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၄ ပေမှ ၆ ပေခန့်ရှိနိုင်ပါသည်။

(မိုး/ဇလ)

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ဘိုကလေးမြို့နယ်သို့ရောက်ရှိ၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်







တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က သံဃာတော်များနှင့် ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။





နေပြည်တော် ဒီဇင်ဘာ ၇

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့ မွန်းလွဲပိုင်းတွင် ဘိုကလေးမြို့နယ်သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ နယ်လှည့်ဆေးကုသရေးအဖွဲ့သည် ဘိုကလေးမြို့နယ်၊ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် အခြေပြု၍ အဆိုပါမြို့နယ်နှင့် အနီးဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၅၃၃ ဦးအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၁၅၀ ဦး၊ ခွဲစိတ်ရောဂါ ၂၄ ဦး၊ သားဖွား/မီးယပ်ရောဂါ၃၃ဦး၊ကလေးရောဂါ ၂၆ ဦး၊ အရိုးရောဂါ ၁၀၀ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀ ဦး၊ မျက်စိရောဂါ ၁၁၇ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၃ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၄ ဦး၊ ခါတ်မှန်ရိုက်လူနာ ၁၇ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၂၆ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၅ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၉ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည် -

"ကျွန်မနာမည် အိအိထွန်းပါ။ ကျွန်မက ဘိုကလေးမြို့ (၅)ရပ်ကွက်ကနေ လာပြခြင်းဖြစ်ပါတယ်။ သားဖွားမီးယပ်လာပြတာပါ။ ဆရာဝန်တွေကရော အစစအရာရာ အကုန်လုံးအဆင်ပြေအောင် လုပ်ပေးပါတယ်။ အခုလိုမြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)ကနေ လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ဒေသခံတွေအနေနဲ့ အရမ်းကိုကျေးဇူးတင်မိပါတယ်။ အခုလိုမျိုး လာရောက်ကုသပေးတဲ့အတွက် ကျွန်မတို့ ရန်ကုန်ကို မသွားရဘဲနဲ့ ဒီမှာတင်အခမဲ့ လာရောက်ကုသပေးတဲ့အတွက် ဆရာတို့ ပါရဂူအဖွဲ့ကိုလည်း အရမ်းကိုကျေးဇူးတင်မိပါတယ်။ မြို့သူမြို့သားတွေကိုယ်စား ကျွန်မတို့က လှိုက်လှိုက်လှဲလှဲကို ကြိုဆိုပါတယ်။ အခွင့်အခါသင့်ရင် လာရောက်ပြီးတော့ ဒီလိုပဲအခမဲ့ဆေးကုသမှုတွေ ပေးပါဦးလို့ ကျေးဇူးတင်စကားပြောချင်ပါတယ်"ဟုပြောသည်။

"ကျွန်မနာမည်ကတော့ မရတနာမျိုး ဖြစ်ပါတယ်။ မျက်ရိုးတွေ ကိုက်တဲ့အတွက်ကြောင့် ဒီမှာလာပြီးပြတဲ့အခါမှာ မျက်စိပါဝါပြန်ပြီးတော့စစ်ရမယ်။ ပြီးရင် မျက်စိအတွက် ဆေးတစ်ပတ်သောက်ရမယ်။ ပါဝါလေးပြန်စစ်လိုက်ရင် အဆင်ပြေသွားမယ်ဆိုပြီးတော့ပြောပါတယ်။ အခုလိုမျိုး အခမဲ့လာရောက်ကုသပေးတဲ့အတွက်ကြောင့် ကျေးလက်နေပြည်သူတွေအနေနဲ့ ကျန်းမာရေးနဲ့ပတ်သက်တဲ့ အသိပညာအခွင့်အလမ်းတွေ အများကြီးရရှိပါတယ်။ ကလေးအထူးကုဆရာဝန်ပါတယ်။ ခွဲစိတ်အထူးကု ဆရာဝန်ပါတယ်။ အရိုးအကြောနဲ့ပတ်သက်တာ၊ မျက်စိ၊ အထွေထွေပြီးသွားလို့ရှိရင် အမျိုးသမီးတွေနဲ့ပတ်သက်ပြီးတော့ သားဖွားနဲ့မီးယပ်ဆရာဝန်တွေ အများကြီးလာတဲ့အတွက်ကြောင့်မို့လို့လည်း ဒေသခံတွေအနေနဲ့ ဆေးရုံဆေးခန်းတွေကို တကူးတက သွားရောက်စရာမလိုဘဲနဲ့ ဒီတစ်နေရာတည်းမှာ ကဏ္ဍပေါင်းစုံကို ကုသနိုင်တဲ့အတွက်ကြောင့် သူတို့အတွက်လည်း အထောက်အကူတွေ အများကြီးဖြစ်ပါတယ်။ အခုလိုမျိုးလာရောက်ကုသပေးတဲ့ နယ်လှည့်ဆေးကုသရေးအဖွဲ့ (ရွှေပုဇွန်)နဲ့ ဆရာကြီးတွေအားလုံးကို ကျေးဇူးတင်ပါတယ်။ ကျွန်မတို့ ဘိုကလေးမြို့လေးကို လာပြီးတော့ ဒီလိုမျိုးကုသပေးတဲ့အတွက်ကြောင့်ကျေးလက်နေပြည်သူတွေရဲ့ကျန်းမာရေးအခွင့်အလမ်းတွေ အများကြီးရရှိအောင် ပြုလုပ်ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်ရှင်"ဟုပြောသည်။

(၁၀၀)

# ယခုဘဏ္ဍာနှစ် ရှစ်လတာကာလအတွင်း ပြည်ပသို့ ပုစွန်မက်ထရစ်တန် ခုနစ်ထောင်နီးပါးတင်ပို့နိုင်ခဲ့

ရန်ကုန် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံမှ ပြည်ပသို့ ရေထွက်ကုန်ပစ္စည်းများတင်ပို့လျက်ရှိရာ ယခုဘဏ္ဍာနှစ်ရှစ်လတာကာလအတွင်း ပြည်ပသို့ပုစွန်မက်ထရစ်တန် ခုနစ်ထောင်နီးပါးတင်ပို့နိုင်ခဲ့ကြောင်း ငါးလုပ်ငန်းဦးစီးဌာနမှ သိရသည်။

ယခုဘဏ္ဍာနှစ် ဧပြီလ ၁ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ ရှစ်လတာကာလအတွင်း ပုံမှန်ကုန်သွယ်မှုမှ ပုစွန်မက်ထရစ်တန် ၆၃၈၅ ဒသမ ၀၀၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၁၈ ဒသမ ၀၆၃ သန်းနှင့် နယ်စပ်ကုန်သွယ်မှုမှ မက်ထရစ်တန် ၆၁၄ ဒသမ ၆၁ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၃ ဒသမ ၃၆၁ သန်းရရှိသည့်အတွက် စုစုပေါင်း မက်ထရစ်တန် ၆၉၉၉ ဒသမ ၆၁၂ တန်တင်ပို့ပြီး အမေရိကန်ဒေါ်လာ ၂၁ ဒသမ ၄၂၄ သန်းရရှိခဲ့သည်။

မြန်မာနိုင်ငံမှ ပြည်ပသို့ပုစွန်တင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်ကာလတူက မက်ထရစ်တန် ၅၂၉၈ ဒသမ ၅၅၇ တန်တင်ပို့ခဲ့သည့်အတွက် ယခင်နှစ်ကထက် ပုစွန်မက်ထရစ်တန် ၁၇၀၁ ဒသမ ၀၅၅ တန် ပိုမိုတင်ပို့နိုင်ခဲ့ကြောင်း သိရသည်။

မြန်မာနိုင်ငံမှ ပုစွန်အပါအဝင် ငါးစသည့် ရေထွက်ကုန်များကို တရုတ်၊ ထိုင်း၊ ဘင်္ဂလားဒေ့ရှ်၊ ဂျပန် စသည့်နိုင်ငံပေါင်း ၄၀ ကျော်သို့တင်ပို့လျက်ရှိပြီး ရန်ကုန်မြို့မှတစ်ဆင့် ပုံမှန်ကုန်သွယ်မှုမှ တင်ပို့သည့်အပြင် နယ်စပ်ကုန်သွယ်မှုမှလည်း တိုက်ရိုက်တင်ပို့လျက်ရှိကြောင်း သိရသည်။

စောယု



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီး H.E. Mr.Sihasak Phuangketkeow တို့ အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

**★ ရှေ့ဖုံးမှအဆက်**

နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အတူ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ တက်ရောက်ကြပြီး ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump နှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် ရှည်လျားသည့် သမိုင်းကြောင်းရှိပြီး အိမ်နီးချင်းကောင်း၊ မိတ်ဆွေကောင်းနိုင်ငံများဖြစ်မှု၊ နှစ်နိုင်ငံအကြား သဘောတူညီချက်များအား ဆက်လက်အကောင်အထည်ဖော်နိုင်ရေး ဆောင်ရွက်လျက်ရှိမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်နေစေရေး ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသကုန်သွယ်မှုများ ပြန်လည်ကောင်းမွန်ရေးအတွက် နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးသည် မရှိမဖြစ်လိုအပ်သဖြင့် နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြားပူးပေါင်း၍ထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်မှုအခြေအနေများ၊ နယ်စပ်ဒေသတရားမဝင်ကုန်သွယ်မှုများမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်မှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင်ရှိသည့် အွန်လိုင်းလိမ်လည်လောင်းကစားမှုများကို လုပ်ဆောင်လျက်ရှိသည့် KK Park နှင့် ရွှေကုက္ကိုလ်တို့ရှိ အဆောက်အဦများအား မြန်မာနိုင်ငံဘက်မှ အမြစ်ပြတ်ဖြိုချဖျက်ဆီးလျက်ရှိမှုအခြေအနေများ၊ နှစ်နိုင်ငံနယ်စပ်ဒေသတွင် လက်နက်ခဲယမ်းများ တရားမဝင်ရောင်းချနေမှုများကို နိုင်ငံတော်အဆင့် ပူးပေါင်းထိန်းသိမ်းဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့အတွင်း ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ မြန်မာနိုင်ငံတွင် ယခုလအတွင်း လွတ်လပ်ပြီးတရားမျှတသည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပပြုလုပ်နိုင်ရေး ကြိုတင်ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် ၂၀၂၆ ခုနှစ် ဇန်နဝါရီလအတွင်း ထိုင်းနိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပပြုလုပ်သွားမည့် အခြေအနေများ၊ နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုများ တိုးတက်ကောင်းမွန်စေရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည့်အခြေအနေများနှင့်ပတ်သက်၍ ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ထိုင်းနိုင်ငံ၊ နိုင်ငံခြားရေးဝန်ကြီးတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

(၁၀၀)

**◆ ကျောဖုံးမှအဆက်**

နိုဝင်ဘာလ ၁၈ ရက်မှ ဒီဇင်ဘာလ ၆ ရက်အထိ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးပြီး ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်မြို့၊ အမှတ်(၂)ရေတပ်ဆိပ်ခံတံတား(သီလဝါ)သို့ ပြန်လည်ရောက်ရှိလာရာ သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြသည်။

အဆိုပါ တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ အထူးကုဆေးအဖွဲ့များသည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်အနီးတစ်ဝိုက် ဒေသများနှင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်းမြို့နှင့်ချောင်းဝကျေးရွာ၊ ကျုံကူးကျေးရွာအနီးဝန်းကျင်ကျေးရွာများ၊ ငရုတ်ကောင်းမြို့နှင့်ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာ ဆောင်ရွက်ပေးမှုအနေဖြင့် ဆေးကုသမှုဆိုင်ရာရောဂါ ၁၈၃၁ ဦး၊ ခွဲစိတ်ရောဂါ ၆၉၇ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၃၀ ဦး၊ ကလေးရောဂါ ၃၈၃ ဦး၊ အရိုးရောဂါ ၁၀၉၂ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၀၀ ဦး၊ မျက်စိရောဂါ ၁၂၉၅ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၉၄၄ ဦး စုစုပေါင်း ဒေသခံပြည်သူ ၆၈၃၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးနိုင်ခဲ့ပြီး ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၈၈ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၄၅ ဦးတို့ကို ဆေးရုံရေယာဉ်ပေါ်တွင် ခွဲစိတ်ကုသမှုများဆောင်ရွက်ပေးခဲ့သည်။

ထို့ပြင် ဓာတ်မှန်ရိုက်လူနာ ၁၆၀ ဦး၊ အာထရာဆောင်းဖြင့် စမ်းသပ်စစ်ဆေးလူနာ ၈၃၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၆၃၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၄၆၆ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကာ ကိုယ်ဝန်ဆောင်မိခင် ၅ ဦးအား အောင်မြင်စွာ ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ပြီး ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော ဒေသခံပြည်သူ ၃ ဦးတို့ကိုလည်း သက်ဆိုင်ရာမြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ပြည်သူ့ဆေးရုံများသို့တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့သည်။



တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့်သူနာပြုများအား သန်လျင်တပ်နယ်မှ ဗိုလ်မှူးချုပ်သိန်းထူး ဦးဆောင်သော တပ်မတော်(ရေ)မှအရာရှိကြီးများ၊ အရာရှိ၊ စစ်သည်၊ မိသားစုများက ကြိုဆိုနှုတ်ဆက်ကြစဉ်။

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ၂၀၁၆ ခုနှစ်မှစ၍ မြန်မာ့ပင်လယ်ကမ်းရိုးတန်းဒေသများနှင့် ပတ်ဝန်းကျင်ကျေးရွာများရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးလျက်ရှိရာ ယခုခရီးစဉ်သည် (၁၉)ကြိမ်မြောက်ဖြစ်ပြီး ဒေသခံပြည်သူစုစုပေါင်း ၁၇၀၄၈၂ ဦးတို့ကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းနှင့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ သွားရောက်ဆောင်ရွက်ခဲ့သည့် ခရီးစဉ်များအတွင်း ကိုယ်ဝန်ဆောင်မိခင် ၂၇ ဦးတို့အား အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရနှင့်ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါဆိုင်ကလုန်းမုန်တိုင်းဘေးအန္တရာယ်ခံစားရသည့်ပြည်သူများသို့ ပေးအပ်သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများကို ကိုလံဘိုမြို့တွင် လွှဲပြောင်းပေးအပ်လှူဒါန်း

ကိုလံဘို ဒီဇင်ဘာ ၇

သီရိလင်္ကာနိုင်ငံ၌ ၂၀၂၅ ခုနှစ် နိုဝင်ဘာလ ၂၈ ရက်တွင် တိုက်ခတ်ခဲ့သည့် ဆိုင်ကလုန်းမုန်တိုင်း ဒီဝါကြောင့် ခရိုင် ၂၅ ခုတွင် ရေကြီးရေလျှံမှုနှင့် မြေပြိုမှုများ ဖြစ်ပွားခဲ့ရာ လူပေါင်းကိုးသိန်းကျော် ရေဘေးဒဏ်ခံစားခဲ့ရပြီး လမ်းတံတားများ၊ နေအိမ်များနှင့် အခြေခံအဆောက်အအုံများ ထိခိုက်ပျက်စီးမှုများရှိခဲ့ကြောင်း သိရသည်။

ထို့ကြောင့် အရေးပေါ်ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်းနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများလိုအပ်ကြောင်း နိုင်ငံတကာသို့ ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည့်အတွက် သီရိလင်္ကာနိုင်ငံနှင့် ချစ်ကြည်ရင်းနှီးသော နှစ်နိုင်ငံဆက်ဆံရေးရှိသည့် အားလျော်စွာ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုနှင့် အညီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရနှင့် ပြည်သူများက သီရိလင်္ကာနိုင်ငံ ဒီဝါ ဆိုင်ကလုန်းမုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများသို့ ကျန်းမာရေးစောင့်ရှောက်မှုနှင့် ဆေးဝါးကုသမှုလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေမည့် ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ တစ်ကိုယ်ရေကျန်းမာရေး သုံးပစ္စည်းများကို တပ်မတော်လေယာဉ်ဖြင့် သွားရောက်လှူဒါန်းပို့ဆောင်ရာ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဇော်ဖြိုးဝင်းနှင့် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါ်လွဲလွဲအေးတို့ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယမန်နေ့ညပိုင်းက သီရိလင်္ကာနိုင်ငံ ကိုလံဘိုမြို့သို့ ရောက်ရှိကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့ကို သီရိလင်္ကာနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဒေါ်မာလာသန်းထိုက်၊ သီရိလင်္ကာနိုင်ငံခြားရေးဝန်ကြီးဌာန အရှေ့တောင်အာရှနှင့် အာရှအလယ်ပိုင်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ချန်မာရီ ရိုဒရီဂို၊ လေတပ်စခန်းဌာနချုပ် စီမံကိန်းဌာန ညွှန်ကြားရေးမှူးချုပ် Air Vice Marshal S Deshapriya GM Silva နှင့် သီရိလင်္ကာ ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများက လေဆိပ်၌ ကြိုဆိုတွေ့ဆုံကြသည်။



ထိုသို့တွေ့ဆုံရာတွင်မြန်မာကိုယ်စားလှယ်အဖွဲ့က သီရိလင်္ကာနိုင်ငံ၌ ဒီဝါဆိုင်ကလုန်းမုန်တိုင်းတိုက်ခတ်မှုဒဏ်ကြောင့် လူ့အသက်အိုးအိမ်ပစ္စည်းများဆုံးရှုံးခဲ့ရမှုအပေါ် မြန်မာနိုင်ငံအစိုးရနှင့် ပြည်သူများက သီရိလင်္ကာအစိုးရနှင့် ပြည်သူများနည်းတူ ထပ်တူဝမ်းနည်းပါကြောင်း၊ နှစ်နိုင်ငံအကြား မိသားစုစိတ်ဓာတ်ဖြင့် အခက်အခဲကြုံချိန်တွင် အပြန်အလှန်ရိုင်းပင်းကူညီမှုပြုခြင်းဖြစ်ကြောင်း၊ ဆန်နှင့် အလှူငွေများ ဆက်လက်ပေးအပ်လှူဒါန်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သီရိလင်္ကာနိုင်ငံအစိုးရနှင့်ပြည်သူများအနေဖြင့် အမြန်ဆုံးပြန်လည်ထူထောင်နိုင်မည်ဟု ယုံကြည်ကြောင်း ဆွေးနွေးပြောကြားခဲ့ကြသည်။

ထို့နောက် တပ်မတော်လေယာဉ်ဖြင့် တင်ဆောင်လာသော ဆေးဝါးနှင့်ဆေးပစ္စည်း ၂၆ မျိုး တန်ချိန် ၆ ဒသမ ၉၃၈ တန်နှင့် တစ်ကိုယ်ရေသုံးပစ္စည်းများ တန်ချိန် ၂ ဒသမ ၂၆၂ တန် စုစုပေါင်းတန်ချိန် ၉ ဒသမ ၂ တန်ကို ကိုလံဘိုလေဆိပ်၌ သီရိလင်္ကာနိုင်ငံမှ တာဝန်ရှိသူများထံသို့ လွှဲပြောင်းပေးအပ်လှူဒါန်းကြသည်။

မြန်မာနိုင်ငံအနေဖြင့် သီရိလင်္ကာနိုင်ငံ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ကြုံတွေ့ခံစားခဲ့ရသော အစိုးရနှင့် ပြည်သူများအတွက် ယခုလှူဒါန်းမှုသည် အမေရိကန်ဒေါ်လာ ၁၂၀၀၀၀ ခန့်တန်ဖိုးရှိပြီး ဆန်တန်ချိန် ၅၀၀ နှင့် အမေရိကန်ဒေါ်လာ ၁၀၀၀၀၀ တို့ကို ဆက်လက်ပေးပို့လှူဒါန်းသွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

---

**● ကျောဖုံးမှအဆက်**

ထို့အတူ ရုံးပိတ်ရက် စနေနေ့ဖြစ်သော ဒီဇင်ဘာလ ၆ ရက် ခရီးစဉ်၌ တောင်ကြီးမြို့ရှိ Sure the Children (Shan State NGO)မှ ၃၀၊ ကန်ကြီးရပ်ကွက်အဖွဲ့သူအဖွဲ့သားများ ၆၀ နှင့် အများပြည်သူ ရထားစီးခရီးသည် ၁၂၄ ဦး လိုက်ပါစီးနင်းခဲ့ကြသည်။

တောင်ကြီး-ပေါမူ ခရီးစဉ်မှာ ၁၁ ဒသမ ၄၁ မိုင် ကွာဝေးပြီး ပြေးဆွဲချိန် ၁ နာရီခွဲခန့် ကြာမြင့်၍ လမ်းခရီးတွင် ဘဝသံသရာအဝိုင်း အနီးဝန်းကျင်ရှိ သဘာဝရှုခင်းအလှများကို ကြည့်ရှုခံစားနိုင်ရန် ထီသိမ်ဘူတာ၌ ၁၅ မိနစ် ရပ်တန့်ပေးကာ ပေါမူဘူတာသို့ နံနက် ၁၀ နာရီခွဲတွင် ရောက်ရှိပြီး ရထားတွဲဆိုင်းအား တောင်ကြီးဘက်သို့ ပြန်လှည့်နိုင်ရန် တွဲရွှေ့ပြုလုပ်ချိန် မိနစ် ၃၀ ရပ်တန့်ပေး၍ ပေါမူဘူတာမှ နံနက် ၁၁ နာရီတွင် ပြန်လည်ထွက်ခွာကာ တောင်ကြီးဘူတာသို့ မွန်းလွဲ ၁၂ နာရီခွဲတွင် ပြန်လည်ရောက်ရှိသည်။

ပြေးဆွဲသည့် ရထားတွဲဆိုင်းမှာ မြင်းကောင်ရေ ၂၀၀၀ အား စက်ခေါင်းဖြင့် အထက်တန်း သုံးတွဲ၊ ရိုးရိုးတန်းနှစ်တွဲနှင့် ရထားထိန်းတွဲတစ်တွဲဖြစ်ပြီး တောင်ကြီး-ပေါမူ အသွား/ အပြန် ခရီးစဉ်အတွက် လက်မှတ်ခနှုန်းထားမှာ အထက်တန်းတွဲအတွက် တစ်ဦးလျှင်ငွေကျပ် ၁၀၀၀၀ နှင့် ရိုးရိုးတန်းအတွက် တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ဖြစ်သည်။

တောင်ကြီး-ပေါမူ ခရီးစဉ်ကို တောင်ကြီးမြို့မှ စတင်ထွက်ခွာသည်နှင့် တောင်ကြီးမြို့၏ အထင်ကရနေရာ မီးပုံးပျံကွင်းကြီးကို ရထားပေါ်မှနေ၍ ကြည့်ရှုခံစားရခြင်း၊ တောင်ကြီးမြို့၏ ခေတ်မီလှပသော မြို့ပြမြင်ကွင်းများကို ရထားပေါ်မှ ကောင်းစွာမြင်နိုင်ပြီး စိတ်လက်ကြည်လင်အေးချမ်းစေခြင်း၊ မြန်မာ့မီးရထား၏ ဒုတိယဘဝသံသရာတံတားအား ဖြတ်သန်းစဉ် အဝေးဆီမှ တောင်တန်းများ၊ ကွင်းပြင်ကျယ်များကို ရှုမျှော်ခံစားနိုင်ခြင်း၊ ထီသိမ်ဘူတာသို့ ရထားဆိုက်ရောက် ရပ်နားချိန်အတွင်း ဘူတာအထက်ဘက်ရှိ ရှုရပ်မှနေ၍ ထီသိမ်အဝိုင်းပတ်နှင့် ဘဝသံသရာတံတားအား အပေါ်စီးမှနေ၍ ကြည့်ရှုနိုင်ခြင်း၊ အဝေးဆီမှ ထီသိမ်ဘုရား၊ မြေပြိုဘုရားများကို ကြည်ညို ဖူးမြော်နိုင်ခြင်း၊ ရွှေညောင်ကန်နှင့်ကွင်းပြင်ကျယ်ကြီးများစသည့် တောင်တန်းနှင့် သဘာဝအလှအပရှုခင်းများကို ကြည့်ရှုခံစားနိုင်ခြင်းတို့ကြောင့် စိတ်လက်အေးချမ်းပျော်ရွှင်မှုကိုရရှိစေနိုင်ပြီး ခရီးသည်များအနေဖြင့် အထူးကြိုက်နှစ်သက်ကြကြောင်း သိရသည်။

နောင်တွင် အပတ်စဉ် စနေ၊ တနင်္ဂနွေ ရုံးပိတ်ရက်များ၌ အဆိုပါ တောင်ကြီး-ပေါမူ အသွား/အပြန် ခရီးစဉ်အတွက် အထက်ပါ သတ်မှတ်နှုန်းထားဖြင့် ပြေးဆွဲပေးသွားမည်ဖြစ်ပြီး ခရီးသွားကုမ္ပဏီများ (Tour Company)၊ ခရီးသွားအေဂျင်စီများ၊ Private School စသည့် ဝန်ဆောင်မှုလုပ်ငန်းများမှ ရထားအဆိုင်းလိုက်(တစ်စင်းလုံး) ငှားရမ်းလိုပါကလည်း စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းသိရသည်။ **မြဝတီ**

---

# ရွှေပြည်သာမြို့နယ် ဒေသဖွံ့ဖြိုးတိုးတက်မှုအခြေအနေများ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ကွင်းဆင်းကြည့်ရှုစစ်ဆေး

ရန်ကုန် ဒီဇင်ဘာ ၇

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယမန်နေ့ နံနက်ပိုင်းက ရွှေပြည်သာမြို့နယ်၏ ဒေသဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။



ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းမကြီး တည်းကုန်းလမ်းဆုံ ရထားသံလမ်းအနီး၌ လမ်းတိုးချဲ့နေမှုနှင့် လမ်းတိုးချဲ့ရာတွင် လမ်းနယ်နှင့် လွတ်ကင်းရာသို့ ဓာတ်အားလိုင်းနှင့် ဓာတ်အားတိုင်များ အသစ်တည်ဆောက်နေမှုကိုလည်းကောင်း၊ နွားခြံမှတ်တိုင်အနီးတွင် လမ်းတိုးချဲ့ရန် ပေတိုင်းတာခြင်းနှင့် ကွန်ကရီလမ်းခင်းကျင်းနေမှုကိုလည်းကောင်း၊ လှော်ကားတာဆုံ ရထားသံလမ်းအနီး၌ ဓာတ်အားလိုင်းနှင့် ဓာတ်အားတိုင်လျှပ်စစ်ဓာတ်ကြိုးများ သွယ်တန်းနေမှုကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ကျန်ရှိနေသည့် လမ်းမီးတိုင်များအား လမ်းနှင့်လွတ်ကင်းရေး အမြန်ဆုံးစနစ်တကျ အန္တရာယ်ကင်းစွာ ရှင်းလင်းဆောင်ရွက်ရန်၊ ဆက်သွယ်ရေးကြိုးများအား စနစ်တကျ တပ်ဆင်ဆောင်ရွက်ရန်၊ လမ်းဘေး ဝဲ/ယာ ရေမြောင်းတစ်လျှောက် အမှိုက်၊ နုန်းများ ဆယ်ယူရှင်းလင်းရန်၊ လုပ်ငန်းများအား အချိန်တိုအတွင်းပြီးစီးရေးနှင့် သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်းကိုက်ညီစွာ ပြီးစီးအောင်ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ရွှေပြည်သာမြို့နယ် အမှတ်(၄) လမ်းတစ်လျှောက် ဆောင်ရွက်နေသည့် လုပ်ငန်းများ၏ အခြေအနေများကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ညပိုင်းတွင် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံရုံးက ကြီးမှူးကျင်းပသည့် Flavours Of Sri Lanka 2025 အခမ်းအနားကို ရန်ကုန်မြို့ Pan Pacific Hotel ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E.Mrs. Prabashini Ponnam-peruma နှင့် အိန္ဒိယနိုင်ငံသံအမတ်ကြီး H.E.Mr. Abhay Thakur တို့က သီရိလင်္ကာနိုင်ငံရိုးရာယဉ်ကျေးမှုဆီမီးများထွန်းညှိပူဇော်ကြသည်။

ထို့နောက်သဘာဝဘေးအန္တရာယ်ကြောင့် ရေဘေးသင့်ခဲ့သည့် သီရိလင်္ကာပြည်သူများအတွက် နှစ်မိနစ်ငြိမ်သက်ဆုတောင်းကြသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာနိုင်ငံသံအမတ်ကြီး H.E.Mrs. Prabashini Ponnamperuma က ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာ-သီရိလင်္ကာ ရိုးရာယဉ်ကျေးမှုအကများဖြင့် ဖျော်ဖြေတင်ဆက်ကြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် ဧည့်သည်တော်များက ကြည့်ရှုအားပေးကြကာ သီရိလင်္ကာရိုးရာယဉ်ကျေးမှုအစားအစာများ ထုတ်လုပ်မှုများကို ဗီဒီယိုဖြင့် မိတ်ဆက်ပြသခဲ့ကြောင်း သိရသည်။

**ဖွဲ့ထက်ကို(ပြန်/ဆက်)**

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing receives a delegation led by Foreign Affairs Minister of Thailand

NAY PYI TAW December 7

Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing received a delegation led by Minister of Foreign Affairs of Thailand H.E. Mr. Sihasak Phuangketkeow at the parlour of Bayintnaung Villa, Nay Pyi Taw this afternoon.

Also present at the call together with the Senior General were SSPC Secretary Joint Executive Chief General Ye Win Oo, and SSPC members, Union Minister for Home Affairs Lt-Gen Tun Tun Naung and Union Minister for Foreign Affairs U Than Swe. The Thai Foreign Minister was accompanied by Ambassador of Thailand to Myanmar H.E. Mr. Mongkol Visitstump and members of the delegation.



Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing receives Minister of Foreign Affairs of Thailand H.E. Mr. Sihasak Phuangketkeow.

At the meeting, cordial discussions were centred on a long history between the two countries, Myanmar and Thailand, which are good friends and neighbours, continued implementation of the agreements between the two countries and programs for further cementing bilateral cooperation, the essentiality of peace and stability in border areas for border trade recovery that calls for cooperation between the governments and armed forces of the two countries, the requirement of anti-illicit trade operations in border areas, demolition of buildings in KK Park and Shwe Kokko, the venues of online scams to root out the illegal business, by Myanmar, State-level cooperation in anti-gunrunning at border areas, Myanmar's cooperation in the ASEAN, preparations for holding a free and fair multi-party democracy election in Myanmar, and the Thai elections that will be held in January 2026, and continued efforts for further improvement of bilateral friendship and cooperation between the two countries.

After the call, Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing and Thai FM exchanged commemorative gifts and posed for documentary photos together with the attendees.

**100**

## Kalay Township cultivates over 3,000 acres of winter green beans

KALAY December 7

More than 3,000 acres of green beans have been planted in Kalay Township during this year winter crops planting season, according to the statistics of the Department of Agriculture for Kalay Township.

During the 2025-2026 winter crops planting season, 9,190 acres of green beans have been planned for planting in Kalay Township. The planting of green beans has started in October this year, and 3,154 acres have been planted to date.

"We are working to ensure that the target acres are fully planted. Green beans cultivation is improving year by year. There will be education on expanding green beans cultivation, and there will be education on using good and pure varieties for better yields," said Daw Man Awe, head of the Department of Agriculture for Kalay Township.

This year, the relevant Township Agriculture Department will provide green beans farmers in Kalay Township with information on obtaining good and pure varieties suitable for the region, on proper planting methods, pest control, systematic use of fertilizers, and improved yields.

**SK**

## Wetlet Township cultivates over 1,000 acres of winter green grams

WETLET December 7

More than 1,000 acres of green grams have been planted in Wetlet Township, Shwebo District, Sagaing Region, during this year winter crops planting season, according to the statistics of the Department of Agriculture for Wetlet Township.

In the 2025-2026 winter crops planting season, 2,794 acres of winter green grams have been planned for Wetlet Township, and planting has begun since October this year, and 1,820 acres have been planted to date.

"We are working to ensure that the target acres of winter green grams are planted. We are also conducting field visits to learn the necessary technologies, varieties, and pest and disease prevention methods during winter crops planting season," said Daw Kyin San, head of the Department of Agriculture for Wetlet Township.

The Township Agriculture Department is educating farmers growing green grams in Wetlet Township on the importance of obtaining good varieties that are suitable for the region, clean seeds, proper planting methods, pest control, systematic use of fertilizers, and good yields.

**SMK**

# KhinU Township completes harvesting of all rain-fed corn

KHINU December 7

All corns planted during this year's rainy season have been fully harvested in KhinU Township, Shwebo District, Sagaing Region, according to the Department of Agriculture's statistics for KhinU Township.

KhinU Township has planted 176 acres of seed corns and 5,724 acres of millets, a total of 5,900 acres, during this year's rainy season. The corn fields have been harvested since August this year, and to date, 176 acres of seed corn have yielded more than 40 baskets per acre, and 5,724 acres of millets have yielded more than 14,000 baskets per acre.

"We have provided education to ensure the success of corn crops and to prevent the spread of pests and diseases," said U Nay Win Naing, head of the Department of Agriculture for KhinU Township.



More than 50 baskets of seed corns are produced per acre, and the cost of planting per acre of seed corns is Ks-500,000. A total of 15,000 corn ears of millets are produced per acre, and the cost of planting per acre is over Ks-500,000.

SK

# Kyaukmyaung Sub-Township accomplishes cultivation of all rain-fed peanuts

KYAUKMYAUNG December 7

All peanuts planted during this year's rainy season have been fully harvested in Kyaukmyaung Sub-Township, Shwebo District, Sagaing Region, according to the Department of Agriculture's statistics for the township.

Kyaukmyaung Sub-Township has been able to plant 12,850 acres of peanuts during this year's rainy season, and the peanut fields that were planted have been harvested since August this year. So far, 100 percent of the acres have been harvested, with an output of 41.50 baskets per acre.

"This year's rainy season, Kyaukmyaung Township has been able to plant 12,850 acres of peanuts. All of the acres of peanuts that were planted have been harvested. As for oilseed crops, they are in a successful state. Peanut cultivation is improving year after year," said Daw Khin Win, head of the Department of Agriculture for Kyaukmyaung Sub-Township.

Kyaukmyaung Sub-Township has planted one and a half baskets of seeds per acre, and the cost of seedlings, labour, fertilizer, and pesticides is over 200,000 kyats, and the yield per acre is over 50 baskets.

SMK

# Mawlaik District cultivates over 3,000 acres of winter soybeans



MAWLAIK December 7

More than 3,000 acres of soybeans have been planted in Mawlaik District during this year winter crops planting season, according to the statistics of the Department of Agriculture for Mawlaik District.

During the 2025-2026 winter crops planting season, 7,600 acres of soybeans have been planted in Mawlaik District. They have been planted since October this year. To date, a total of 3,143 acres: 115 acres in Mawlaik Township and 3028 acres in Phaungpyin Township, have been planted.

"We are working to ensure that the target acres are planted. We will also provide education to prevent pests. We have also encouraged farmers to obtain the necessary seeds and to be aware of them," said Daw Kywe Kywe Hlaing, head of the Department of Agriculture for Mawlaik District.

In the 2025-2026 winter crops planting season, the township-wise allocation for soybean cultivation in Mawlaik District is 388 acres in Mawlaik Township and 7,212 acres in Phaungpyin Township, totaling 7,600 acres.

SK

# Farmers from Monywa Township completes harvest of all green gram plantations

MONYWA December 7

Local farmers have reaped the plantations of green gram in Monywa Township of Sagaing Region, according to the Township Agriculture Department.

During this year's monsoon crop season, a total of 10,350 acres of green gram were cultivated in Monywa Township. The harvesting of these green gram fields began in August, and as of today, 100 percent of the cultivated acreage has been completely harvested, with an average yield of over 10 baskets per acre.

"The total area under green gram cultivation in Monywa Township during this year's monsoon season reached 10,350 acres. At present, all of those fields have been fully harvested. In addition, we have been providing educational awareness to farmers to encourage expansion of cultivation and the use of quality and pure seeds to improve yields," said U Soe Thet Aung, Head of the Monywa Township Department of Agriculture.

The Township Department of Agriculture has been conducting awareness and training activities for green gram farmers to promote the use of quality and pure seed varieties suitable for the region, proper cultivation practices, pest prevention, systematic use of fertilizers, and measures to increase productivity.

Furthermore, during this monsoon crop season, in the cultivation of various types of pulses, the department has been cooperating with farmers to provide good seed varieties, necessary inputs, and post-harvest technology to enhance both the yield and quality of pulse crops.

SK

# More than 2,000 acres of soya bean planted in Htigyaing Township

HTIGYAING December 7

Local farmers grew more than 2,000 acres of soya bean in Htigyaing Township of Sagaing Region this year, according to the Township Agriculture Department.

During the 2025–2026 winter crop season, a total of 4,605 acres of soybean are planned to be cultivated in Htigyaing Township, and cultivation began in October this year. As of now, 2,455 acres have already been cultivated.

"For this year's winter crop season, we have planned to grow more than 4,000 acres of soybean in Htigyaing Township. Up to now, over 2,000 acres have been cultivated. We will also continue to provide awareness programmes to prevent pest infestations. Efforts are being made to ensure that farmers obtain quality seeds and have proper knowledge about seed selection and cultivation practices," said U Ko Ko Aung, Head of the Htigyaing Township Department of Agriculture.

The Township Department of Agriculture has been providing awareness and technical support to soybean farmers on the use of high-quality and pure seed varieties suited to local conditions, proper cultivation methods, pest prevention, systematic use of fertilizers, and yield improvement.

Moreover, during this year's monsoon crop season, in the cultivation of various types of pulses, the department has also collaborated with farmers to promote good and pure seed varieties, necessary inputs, and post-harvest technologies aimed at enhancing both the yield and quality of pulse crops.

SMK

# Russia, US aligning provisions of future document on Ukraine settlement - Kremlin Aide

MOSCOW December 7

Russia and the United States are underway aligning those difficult provisions that will determine the form and fate of the future document on Ukraine settlement, and some issues require the US to make "radical changes" in papers, Kremlin aide Yury Ushakov said on Sunday.

"We are docking those difficult provisions that should sort of determine the form and fate of the future document," Ushakov told Russian journalist Pavel Zarubin.

At the same time, he said the exact wording and coordination with legal specialists are yet ahead.

"[Some issues] require the US to make serious, I would say, radical changes to their papers, which are constantly in motion, constantly being prepared," Ushakov said.

He stressed that the negotiation process is aimed at achieving not a ceasefire but a "long-term settlement."

**Sputnik**

# At least 20 homes destroyed in Australia's NSW bushfires



SYDNEY December 7

The number of homes destroyed in bushfires in the Australian state of New South Wales (NSW) had increased to 20, including 16 in the Central Coast and four in the Mid North Coast.

New South Wales Rural Fire Services (NSW RFS), the lead combat agency for bushfires in NSW, confirmed on Sunday evening that building impact assessment teams completed their assessment of the Nimbin Rd, Koolewong fireground in the Central Coast and found 16 houses were destroyed and nine were damaged.

Additionally, seven outbuildings were destroyed, and eight remained untouched, the authority said in a Facebook post.

It said on Saturday that four homes in the Crawford River area in the Mid North Coast had been lost.

Australian Broadcasting Corporation reported on Sunday that natural disasters had been declared in six areas across NSW, meaning people whose homes had been damaged may be eligible for immediate financial help.

**Xinhua**

# Seven dead, 11 injured in bus crash in SE Türkiye

ANKARA December 7

At least seven people were killed and 11 others injured on Saturday when a passenger bus rear-ended a stationary truck on a main highway in Türkiye's southeastern Osmaniye Province, semi-official Anadolu Agency reported.

The accident occurred near the Bahce District after the truck, which had a flat tire, stopped on the roadside, it reported, noting that the road had been closed to traffic.

The truck driver has been taken into custody, while rescue crews are working to remove the vehicles involved. The cause of the accident remains under investigation, it reported.

A separate statement from the Osmaniye Governor's Office said that efforts are ongoing to identify the victims.

Traffic accidents claimed 2,713 lives across Türkiye in 2024, official data showed, with speeding reported as a leading cause of fatal crashes. **Xinhua**



# Russia's Shoigu to visit Vietnam, Laos next week for high-level talks - Security Council

MOSCOW December 7

Russian Security Council Secretary Sergei Shoigu will pay a working visit to Vietnam and Laos this coming week and hold meetings with the top leadership of both countries, the press service of the Russian Security Council said.

"Next week, Russian Security Council Secretary Sergei Shoigu will lead an interdepartmental delegation on a working visit to Vietnam and Laos, where meetings are planned with the top political and military leadership of both countries, heads of law enforcement agencies and other security forces, visits to memorials to fallen heroes and Soviet pilots, as well as some defence industry sites," the press service said.

**Sputnik**

# At least 23 killed in India's Goa nightclub fire

NEW DELHI December 7

At least 23 people were killed and many others injured after a devastating fire broke out around midnight Saturday at a nightclub in India's western state of Goa, police said early Sunday.

The fire tore through a popular nightclub called Birch by Romeo Lane at Baga in Arpora Village of North Goa District, about 16 km northwest of Panaji, the capital city of Goa.

"Today is a very painful day for all of us in Goa. A major fire incident at Arpora has taken the lives of 23 people. I am deeply grieved and offer my heartfelt condolences to all the bereaved families in this hour of unimaginable loss," Goa Chief Minister Pramod Sawant in a statement said.

A local television news channel NDTV, quoting officials, said that early information indicated that approximately 50 others have been injured and are currently receiving treatment at the Goa Medical College hospital.

Goa Police Chief Alok Kumar said the majority of the victims are said to be staff members working at the venue, adding the police would investigate the cause of this incident and take action based on the findings.

"Further, we are trying to identify the bodies, and there is a possibility that some visitors might also be among the dead, which we are trying to ascertain," he said.

Reports said that following the incident, multiple fire tenders were rushed to the scene, and it took nearly two hours of intense efforts to contain the blaze and douse the fire completely.

Officials said the bodies have been retrieved from the spot and sent for post-mortem examinations.

Preliminary investigations carried out by the police suggest that the fire was allegedly triggered by a liquefied petroleum gas (LPG) cylinder explosion near the kitchen area.

Chances of fire in India are often high, as owners of the buildings and houses usually ignore safety standards with regard to fire and store fuel and combustible materials in a haphazard manner.

**Xinhua**

# 50 children dead in Somalia amid diphtheria outbreak

MOGADISHU December 7

Somalia's Ministry of Health and Human Services on Sunday confirmed that a new diphtheria outbreak has killed 50 children and infected about 1,000 others nationwide.

In a statement, the ministry said children aged 5 to 15 have been the most affected.

Responding to this "dangerous situation," the ministry has launched vaccine campaigns to control the disease, it said, adding that vaccination will begin on December 15 and run for five days.

"All children, wherever they are, in villages, health facilities, and schools will be vaccinated", the ministry said, urging parents to bring their children to the designated sites to help contain what it described as a "killer disease."

The warning comes amid a deteriorating humanitarian situation in Somalia, compounded by persistent conflict and climate shocks, including floods and droughts.

**Xinhua**

# 12 more buildings used for online scam gambling demolished in KK Park Area

NAY PYI TAW December 7

The Myanmar Government continues its clearance operations in Shwe Kokko and KK Park—areas known as major hubs for online scam gambling operations—by entering illegal compounds, seizing materials used in online fraud activities, and systematically demolishing unauthorized buildings. These operations are being carried out by joint teams comprising security forces, administrative bodies, and local authorities.

As part of the ongoing crackdown, authorities demolished 12 more illegal buildings today in the Myawady–Maehtawthalay (KK Park) Area, including two four-storey buildings and ten two-storey buildings used for online scam gambling activities in Zone (3). With this, a total of 333 out of 635 illegal buildings in KK Park have now been systematically demolished.

Similarly, clearance operations in the Shwe Kokko Area, which began on 18 November, have so far inspected 694 buildings. Of these, 169 buildings were found to be involved in online scam gambling operations. To prevent further use, authorities have been sealing off these buildings, and as of today, 161 have been fully sealed.

In addition, equipment used in online scam gambling activities in both KK Park and Shwe Kokko was systematically destroyed by burning today to prevent further misuse. Foreign nationals detained in connection with these illegal operations are being processed by the illegal foreigners screening team. Necessary personal information and records are being collected so they can be repatriated to their respective countries as quickly as possible through inter-departmental cooperation.

The government considers the fight against online scam gambling an important national responsibility and will continue these efforts in cooperation with internal forces as well as neighbouring countries to ensure such operations cannot take root anywhere in Myanmar.

100




Illegally constructed four-storey building No. C 1 residential building in KK Park Area (3) (7.12.2025).



Photo evidence of the burning and destruction of illegal items in the KK Park Area.



The equipment used for online scams being burned and destroyed in Shwe Kokko Area, Myawady Township, Kayin State.

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၄)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကျင်းပ




ရန်ကုန် ဒီဇင်ဘာ ၇


မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့၏ (၇၄)ကြိမ်မြောက် မျက်နှာစုံညီအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ် မြို့မကျောင်းလမ်းရှိ အမျိုးသားဇာတ်ရုံ(ရန်ကုန်)၌ ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ပြက္ခဒိန်အကြံပေးအဖွဲ့ဥက္ကဋ္ဌ ဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဦးပညိန္ဒနှင့်အဖွဲ့ဝင် ပညာရှင်ကြီးများ စုံညီစွာတက်ရောက်ကြသည်။

အစည်းအဝေးတွင် ဒုတိယဝန်ကြီး ဒေါ်နုမြဇံက မြန်မာ-အင်္ဂလိပ်-ရခိုင် မူမှန်ပြက္ခဒိန်များရေးဆွဲရာတွင် ဝါကြီးထပ်၊ ဝါငယ်ထပ်စသည်ဖြင့် ဝါထပ်၊ ရက်ငင်ကိစ္စရပ်များကို အထူးအလေးထားပြီး ရေးဆွဲကြရမည်ဖြစ်ကြောင်း၊ မြန်မာပြက္ခဒိန်သည် သာသနာ့ဝန်ကိုထမ်းဆောင်တော်မူကြသည့် ရဟန်း၊ သံဃာတော်များအတွက် ဝိနည်းတော်နှင့်အညီ ဝါဆို၊ ဝါကပ်ကိစ္စရပ်များကိုဆောင်ရွက်နိုင်ရန် အရေးပါသော သတ်မှတ်ချက်တစ်ခုလည်းဖြစ်ကြောင်း၊ မြန်မာ-အင်္ဂလိပ်-ရခိုင် မူမှန်ပြက္ခဒိန်ရေးဆွဲရေးနှင့် မဟာသင်္ကြန်စာရေးသားပြုစုရေးတို့ကိုလည်း ပညာရှင်ကြီးများအနေဖြင့် နှစ်စဉ်ဆောင်ရွက်နေကျအတိုင်း ဝိုင်းဝန်းကြိုးပမ်းပြုစုရေးဆွဲနိုင်ရန်အတွက်လည်း ပန်ကြားလိုကြောင်း တင်ပြပြောကြားထားသည်။

ဆက်လက်၍ မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ ဥက္ကဋ္ဌ ဆရာတော်ဒေါက်တာ ဘဒ္ဒန္တ ဦးပညိန္ဒက အဖွင့်ဩဝါဒစကား မိန့်ကြားတော်မူသည်။ ထို့နောက် အနုပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးညွန့်ဝင်းက (၇၄)ကြိမ်မြောက် မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ မျက်နှာစုံညီအစည်းအဝေးနှင့်စပ်လျဉ်း၍ လျှောက်ထားရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံပြက္ခဒိန်အကြံပေးအဖွဲ့ အဖွဲ့ဝင် ဆရာကြီးများက အထွေထွေကိစ္စရပ်များကို ဆွေးနွေးတင်ပြခြင်း၊ ဥက္ကဋ္ဌဆရာတော်က လိုအပ်သည်များကို ပြန်လည်မိန့်ကြားခြင်းများကို ဆောင်ရွက်ကြသည်။ ယင်းနောက် ဒုတိယဝန်ကြီးဒေါ်နုမြဇံက နိဂုံးချုပ်အမှာစကားလျှောက်ထားပြောကြား၍ အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။

မြဝတီ

# ကွမ်ရှီး CPC ပါတီ အတွင်းရေးမှူး Mr. Chen Gang နှင့် ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျတို့ AI ကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး



နေပြည်တော် ဒီဇင်ဘာ ၇

မြန်မာနိုင်ငံနှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကွမ်ရှီးကျွမ့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအကြား ဉာဏ်ရည်တုနည်းပညာ (AI) ကဏ္ဍ၌ နီးနှောဖလှယ်မှုများဆောင်ရွက်နိုင်ရန် ဆန်းသစ်တီထွင်မှုနှင့် ဒစ်ဂျစ်တယ်အတတ်ပညာမြှင့်တင်ရေးလုပ်ငန်းကော်မတီ ဥက္ကဋ္ဌ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် နန်နင်းမြို့သို့ ဒီဇင်ဘာလ ၅ ရက်၌ လေ့လာရေးခရီးစဉ်ရောက်ရှိကြသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးသည် ကွမ်ရှီးကွန်မြူနစ်ပါတီ အတွင်းရေးမှူး Mr. Chen Gang နှင့် ယင်းနေ့မွန်းလွဲပိုင်းတွင် ကွမ်ရှီးကွန်မြူနစ်ပါတီကော်မတီရုံး၌ တွေ့ဆုံဆွေးနွေးသည်။ ဆွေးနွေးပွဲသို့ ကွမ်ရှီးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပါတီကော်မတီအမြဲတမ်းအဖွဲ့ဝင်နှင့် ဒုတိယဥက္ကဋ္ဌ လူရှင်နင်းနှင့် တာဝန်ရှိသူများ၊ မြန်မာကိုယ်စားလှယ်အဖွဲ့နှင့်အတူ နန်နင်းမြို့ မြန်မာကောင်စစ်ဝန်ချုပ်ရုံးမှ ကောင်စစ်ဝန်ချုပ် ဒေါ်ခိုင်ဆုလင်းတို့တက်ရောက်ကြသည်။

တွေ့ဆုံဆွေးနွေးစဉ် Mr. Chen Gang က ကွမ်ရှီးသည် အာဆီယံအတွက် နိုင်ငံတကာ AI ပူးပေါင်းဆောင်ရွက်ရေး ဗဟိုအချက်အချာဖြစ်ရန် တရုတ်-အာဆီယံနိုင်ငံများ AI အသုံးချ ပူးပေါင်းဆောင်ရွက်ရေး ဗဟိုဌာနကို အရှိန်မြှင့်တင်တည်ဆောက်လျက်ရှိကြောင်း၊ ကွမ်ရှီးနှင့်မြန်မာနိုင်ငံသည် ပထဝီဝင်အနေအထားအရ နီးကပ်ပြီး ဆက်ဆံရေးနက်ရှိုင်းကျယ်ပြန့်ကာ နှစ်နိုင်ငံအရေးပါသောသဘောတူညီချက်များကို အကောင်အထည်ဖော်ရန်ရှိရာ ဆွေမျိုးပေါက်ဖော်ဆက်ဆံရေး အစွန့်ရှည်ခိုင်မြဲစေလျက် နှစ်နိုင်ငံ ဘုံအကျိုးကျေးဇူးများဖြစ်ထွန်းစေမည့် မြန်မာနိုင်ငံနှင့် AI ပူးပေါင်းဆောင်ရွက်မှုကို နက်ရှိုင်းစွာအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ဒုတိယဝန်ကြီးက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ AI အပါအဝင် ထွန်းသစ်စဒစ်ဂျစ်တယ်နည်းပညာများကို အကျိုးရှိထိရောက်စွာ အသုံးချနိုင်ရေးအတွက် ဌာနများ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်နေကြောင်း၊ အမျိုးသားအဆင့်ဉာဏ်ရည်တုနည်းပညာ မဟာဗျူဟာနှင့် မူဝါဒတို့ကို ရေးဆွဲခဲ့ပြီး မကြာမီ ချမှတ်ဆောင်ရွက်သွားရန်ရှိကြောင်း၊ ယခုနှစ်သည် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးတည်ထောင်သည့် ၇၅ နှစ်မြောက် စိန်ရတုနှစ်လည်းဖြစ်ရာ ယခုခရီးစဉ်ကို အခွင့်အရေးခြေလှမ်းတစ်ရပ်အဖြစ်အသုံးချ၍ ညီအစ်ကိုသဖွယ် ချစ်ကြည်ရင်းနှီးလှသော ဆွေမျိုးပေါက်ဖော်ဆက်ဆံရေးကို ပိုမိုအစွန့်ရှည်ခိုင်မြဲစေလျက် ကွမ်ရှီးဒေသနှင့် ဒစ်ဂျစ်တယ်ပိုးလမ်းမကြီးစီမံကိန်း၌ AI ကဏ္ဍဖွံ့ဖြိုးရေး ထိရောက်နက်ရှိုင်းလှသော ပူးပေါင်းဖလှယ်ဆောင်ရွက်မှုသစ်များ စဉ်ဆက်မပြတ် အရှိန်မြှင့်တင်ပြီး အေးအတူပူအမျှ မျှဝေသော အနာဂတ်အသိုက်အဝန်းကောင်းများကို အတူတကွ တည်ဆောက်သွားကြရန် ပြန်လည်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြဝတီ


# ဘရာဇီးဖိုက်တာပန်တိုဂျာကိုအလဲထိုးပြီး မြန်မာဖိုက်တာဂျော့ရှူအာဗန် UFC Flyweight ချန်ပီယံဖြစ်လာ

ရန်ကုန် ဒီဇင်ဘာ ၇

အမေရိကန်နိုင်ငံတွင် ယနေ့နံနက်ပိုင်းက ကျင်းပသည့် UFC 323 ပြိုင်ပွဲ ဒုတိယခေါင်းတွဲဆိုင်း၌ လက်ရှိချန်ပီယံ ဘရာဇီးဖိုက်တာပန်တိုဂျာနှင့် မြန်မာဖိုက်တာဂျော့ရှူအာဗန်တို့ ဖလိုင်းဝိတ်ချန်ပီယံလုပွဲအဖြစ် ယှဉ်ပြိုင်ထိုးသတ်ကြရာ ဂျော့ရှူအာဗန်က အလဲထိုးအနိုင်ရရှိခဲ့သည့်အတွက် UFC Flyweight ချန်ပီယံဖြစ်လာသည်။

ပြိုင်ပွဲ၏ ပထမအချီအစပိုင်းတွင် နှစ်ဦးသားအကဲစမ်းထိုးသတ်ခဲ့ကြသည်။ ပန်တိုဂျာကပူးသတ်ဖို့ ကြိုးစားခဲ့သော်လည်း ဂျော့ရှူအာဗန်ကလက်သီးတွဲလုံးများဖြင့်ဟန့်တားယှဉ်ပြိုင်ခဲ့သည်။ ပန်တိုဂျာ၏ ညာခြေအမြင့်ကန်ချက်ပြန်အကျကို ဂျော့ရှူအာဗန်ကလှမ်းဆွဲခဲ့ရာ ညာခြေရုန်းအထွက်ပြန်အကျတွင် ပန်တိုဂျာဟန်ချက်ပျက်ပြီး ဘယ်လက်ထောက်လဲကျခဲ့၍ ဘယ်တံတောင်ဆစ်လွဲသွားရာ ဒိုင်က ဂျော့ရှူအာဗန်ကိုအနိုင်ပေးလိုက်သည်။

ဂျော့ရှူအာဗန်သည် UFC တွင်ပထမဆုံးအကြိမ် ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရရှိခဲ့ပြီး ချန်ပီယံခါးပတ်လေးကြိမ်တိုင်ကာကွယ်နိုင်ခဲ့သည့် ပန်တိုဂျာကို ယနေ့တွင်အနိုင်ရရှိကာ ချန်ပီယံခါးပတ်ကိုလက်လွှဲရယူနိုင်ခဲ့သူဖြစ်သည်။ ကမ္ဘာ့တစ်ဝန်းပရိသတ်အခိုင်အမာရှိသည့် UFC တွင်ပထမဆုံးအကြိမ်



မြန်မာဖိုက်တာတစ်ဦး ချန်ပီယံဖြစ်လာခဲ့ပြီး UFC သမိုင်းတွင် ဒုတိယအသက်အငယ်ဆုံးချန်ပီယံနှင့် ပထမဆုံးသော အာရှတိုက်သားချန်ပီယံလည်းဖြစ်လာခဲ့သည်။

အဆိုပါ UFC 323 ပြိုင်ပွဲတွင် တွဲဆိုင်း ၁၄ ဆိုင်းပါဝင်ပြီး Early Preliminary Card တွင် တွဲဆိုင်း ငါးဆိုင်း၊ Preliminary Card တွင် တွဲဆိုင်းလေးဆိုင်းနှင့် Main Card တွင် တွဲဆိုင်းငါးဆိုင်းပါဝင်ကာ ဘရာဇီးဖိုက်တာ ပန်တိုဂျာနှင့် မြန်မာဖိုက်တာဂျော့ရှူအာဗန်တို့က ဒုတိယခေါင်းတွဲဆိုင်းအဖြစ် ဖလိုင်းဝိတ် ချန်ပီယံလုပွဲ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြခြင်းဖြစ်သည်။

ဝန်းရံခ

## ထူးခြားသည့် ညအပူချိန်များ

၇-၁၂-၂၀၂၅

| | | | |
|---|---|---|---|
| ဟားခါး | ၁ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် | မချမ်းဘော | ၈ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| တီးတိန် | ၅ ဒသမ ၃ ဒီဂရီဆဲလ်စီးယက် | ပြင်ဦးလွင် | ၉ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၅ ဒသမ ၅ ဒီဂရီဆဲလ်စီးယက် | ခန္တီး | ၉ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် |
| ပူတာအို | ၅ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | ဟုမ္မလင်း | ၁၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၇ ဒသမ ၈ ဒီဂရီဆဲလ်စီးယက် | တောင်ကြီး | ၁၀ ဒသမ ၀ ဒီဂရီဆဲလ်စီးယက် |

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် ဒီဇင်ဘာ ၇

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

(မိုး/ဇလ)

အပြည်ပြည်ဆိုင်ရာအဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ (၉) ရက်
UNITED AGAINST CORRUPTION
" Uniting with Youth Against Corruption: Shaping Tomorrow's Integrity "
"ဖြောင့်မတ်တည်ကြည်သော အနာဂတ်ကိုဖော်ဆောင်ဖို့ အဂတိတိုက်ဖျက် လူငယ်များနှင့် လက်ချင်းဆက်ကြပါစို့"

အမျိုးသမီးများအပေါ်အကြမ်းဖက်မှုပပျောက်ရေး (၁၆)ရက်တာ လှုပ်ရှားမှု
၂၀၂၅ ခုနှစ်၊ နိုဝင်ဘာလ (၂၅)ရက်မှ ဒီဇင်ဘာလ(၁၀)ရက်
"အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး"
"UNITE to End Digital Violence against All Women and Girls"

# ဆီးဂိမ်းပြိုင်ပွဲအတွက် တိုင်းဒေသကြီးနဲ့ပြည်နယ်က ကစားသမားတွေကို တစ်နှစ်ကနေ နှစ်နှစ်ကျော်အထိ လေ့ကျင့်သင်ကြားပေးခဲ့ပြီး အားကစားနည်းခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။

ဦးဇော်လွင်ထွန်း
(အပြည်ပြည်ဆိုင်ရာလှေ(Rowing)-အုပ်ချုပ်သူ)

ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်ကျင်းပလျက်ရှိသည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ နိုင်ငံကိုယ်စားပြုသွားရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများသည် နိုဝင်ဘာလ ၃၀ ရက်မှစတင်၍ အားကစားနည်းအလိုက် တစ်ဖွဲ့ပြီးတစ်ဖွဲ့ ထွက်ခွာလျက်ရှိရာ ဒီဇင်ဘာလ ၇ ရက်တွင်လည်း ပိုက်ကျော်ခြင်း၊ ခြင်းလုံး၊ မြင်းစီး၊ ကျွမ်းဘားနှင့် အပြည်ပြည်ဆိုင်ရာလှေ(Rowing) အဖွဲ့တို့သည် ထိုင်းနိုင်ငံသို့ ထွက်ခွာသွားကြပြီဖြစ်သည်။



အရှေ့တောင်အာရှ အားကစားပြိုင်ပွဲများတွင် အောင်မြင်မှုဆုတံဆိပ်များ ပိုင်ဆိုင်ရမည်ဟူသော ခံယူချက်၊ ယုံကြည်ချက်နှင့် ပြင်းပြသောစိတ်ဆန္ဒတို့ဖြင့် လန်းဆန်းတက်ကြွလျက်ရှိသည့် အားကစားအသင်းတို့မှ တာဝန်ရှိသူတို့နှင့် တွေ့ဆုံမေးမြန်းထားသည်များကို ဖော်ပြလိုက်ပါသည် -

**ဦးဇော်လင်း (ပိုက်ကျော်ခြင်း –အုပ်ချုပ်သူ)**



မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်အနေနဲ့ ဆီးဂိမ်းပြိုင်ပွဲမှာ ကစားသမား အမျိုးသမီး ၁၈ ဦး၊ အမျိုးသား ၁၅ ဦး၊ အုပ်ချုပ်သူ/နည်းပြ ရှစ်ဦးနဲ့ ပါဝင်ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အမျိုးသားအသင်းလိုက်၊ အမျိုးသမီးအသင်းလိုက် သုံးယောက်တွဲ၊ အမျိုးသားနှစ်ဦး၊ အမျိုးသမီးနှစ်ဦး လေးယောက်တွဲနဲ့ Hook Takraw (ကွင်းအတွင်း ခြင်းခတ်သွင်းယှဉ်ပြိုင်ခြင်း) အားကစားမှာ အမျိုးသား၊ အမျိုးသမီး အတွဲလိုက် ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ဒီဇင်ဘာလ ၁၀ ရက် ပြိုင်ပွဲအစမှာ Hook Takraw အားကစားနဲ့စပြီး ယှဉ်ပြိုင်ရမှာပါ။

နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်တွေရရှိဖို့ ၂၀၂၅ ခုနှစ် တစ်နှစ်လုံး နေပြည်တော်နဲ့ ရန်ကုန်မှာလေ့ကျင့်ခဲ့ပါတယ်။ လေ့ကျင့်မှုအပိုင်း ပြည့်စုံပြီလို့ပြောရမှာပါ။ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာလည်း အမျိုးသမီးအသင်းက ဆုရခဲ့ပြီး ဒီနှစ် ဆီးဂိမ်းမှာ လေးယောက်တွဲ အမျိုးသား၊ အမျိုးသမီး ယှဉ်ပြိုင်မှုမှာ ရွှေတံဆိပ်ဆုကို မှန်းထားပါတယ်။ မြန်မာနိုင်ငံမှာ ပိုက်ကျော်ခြင်းအားကစားကို အားပေးမှုများလာတာကြောင့် ကျွန်တော်တို့အသင်းအနေနဲ့ ရွှေတံဆိပ်ဆုရရှိအောင်အစွမ်းကုန်ကြိုးစားသွားပါ့မယ်လို့ ကတိပြုပါတယ်။ ပြိုင်ပွဲကိုလည်း မြန်မာပြည်သူအပေါင်း အားပေးကြပါလို့ မေတ္တာရပ်ခံလိုပါတယ်။

**ဒေါ်ခင်အေးမူ (ရိုးရာခြင်းလုံး–အုပ်ချုပ်သူ)**

ဆီးဂိမ်းပြိုင်ပွဲအတွက် ဖေဖော်ဝါရီလမှာ အမျိုးသား ၁၂ ဦးနဲ့ အမျိုးသမီး ၁၂ ဦးကို



ရွေးချယ်ခဲ့ပြီး စခန်းသွင်းလေ့ကျင့်ခဲ့ပါတယ်၊ နောက်ဆုံးဆန်ခါတင် အမျိုးသားရှစ်ဦးနဲ့ အမျိုးသမီးရှစ်ဦးကို ပြိုင်ပွဲအတွက် ရွေးချယ်ခဲ့ပါတယ်။ အမျိုးသား၊ အမျိုးသမီး Event–3 ပြိုင်ပွဲနှစ်မျိုးမှာ ယှဉ်ပြိုင်သွားမှာဖြစ်ပြီး အဓိကပြိုင်ဘက်က အိမ်ရှင်နိုင်ငံပဲဖြစ်ပါတယ်။ ရိုးရာခြင်းပြိုင်ပွဲကို ဒီဇင်ဘာလ ၉ ရက်မှာ အမျိုးသား၊ အမျိုးသမီးအသင်း စတင်ယှဉ်ပြိုင်ပြီး နောက်ဆုံးပြိုင်ပွဲက ဒီဇင်ဘာလ ၁၀ ရက်ဖြစ်ပါတယ်။ အခု ဆီးဂိမ်းပြိုင်ပွဲမှာ နှစ်မျိုးပဲယှဉ်ပြိုင်မှာဖြစ်တဲ့အတွက် ရွှေတံဆိပ်မှန်းထားပါတယ်။ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ရွှေတံဆိပ်လေးခု၊ ငွေတံဆိပ်သုံးခုနဲ့ ကြေးတံဆိပ်တစ်ခု ဆွတ်ခူးထားတာကြောင့် အခုပြိုင်မယ့် မြန်မာ့ရိုးရာအားကစား ခြင်းခတ်ပြိုင်ပွဲကို မြန်မာပြည်သူ၊ ပြည်သားအပေါင်း အဝေးကနေ အားပါးတရအားပေးကြဖို့လည်း တောင်းဆိုပါတယ်။

**ကိုချမ်းမြေ့ဝင်း (မြန်မာနိုင်ငံ မြင်းစီးအဖွဲ့ချုပ်–ဒုတိယတာဝန်ခံ)**

ဆီးဂိမ်းပြိုင်ပွဲအတွက် ပြင်ဆင်ခဲ့တာ ကြာပါပြီ။ ထိုင်းနိုင်ငံ ပတ္တရားမှာ လေးငါးကြိမ် သွားရောက်လေ့ကျင့်ခဲ့ပြီး နိုင်ငံတကာအတွေ့အကြုံတွေလည်း ရရှိထားပါတယ်။ ပြိုင်ပွဲမှာ ၂၀၁၃ ဆီးဂိမ်းပြိုင်ပွဲက



လက်ရွေးစင်တွေလည်း ပါဝင်ပါတယ်။ မြင်းစီးပြိုင်ပွဲမှာ တန်းခုန်လည်းပါမယ်၊ Event Team လည်းပါမယ်၊ မြင်းစီးအားကစားဟာ မြင်းနဲ့လူ နှစ်မျိုးလုံးယှဉ်ပြိုင်ရတဲ့ ပြိုင်ပွဲလည်းဖြစ်ပါတယ်။ ဒီဇင်ဘာလ ၁၃၊ ၁၇ နဲ့ ၁၉ ရက်တွေမှာ ယှဉ်ပြိုင်သွားမှာပါ။ မြင်းစီးအားကစားဟာ အခြားအားကစားလိုမဟုတ်ဘဲ ခန့်မှန်းရခက်ခဲတတ်ပါတယ်၊ ဒါပေမဲ့ အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။ (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲမှာ ငွေနဲ့ ကြေးဆုတံဆိပ်ရရှိခဲ့ပြီး အခုဆီးဂိမ်းမှာ နိုင်ငံ့ဂုဏ်ဆောင် ရွှေတံဆိပ်ဆုရရှိအောင် ကြိုးစားသွားမှာပါ။ မြန်မာနိုင်ငံမှာ ရိုးရာအားကစားနည်းဖြစ်တဲ့ မြင်းစီးအားကစားကို ချစ်မြတ်နိုးတဲ့သူများပါတယ်၊ ကျွန်တော်တို့အသင်းကို ခွန်အားပြည့်အားပေးကြပါလို့ ပြောကြားလိုပါတယ်။

**ဦးကောင်းဇော် (ကျွမ်းဘားအဖွဲ့ချုပ်–အုပ်ချုပ်သူ)**

ပြိုင်ပွဲမဝင်မီ တစ်နှစ်တိတိ ပြည်တွင်းပြည်ပမှာလေ့ကျင့်ထားပါတယ်၊ ဆီးဂိမ်းမှာ



MAG နဲ့ WAG ကျွမ်းဘားအားကစားနည်းမှာ အမျိုးသားတစ်ဦးနဲ့ အမျိုးသမီးနှစ်ဦး ဝင်ရောက်ယှဉ်ပြိုင်မှာပါ။ (၃၂)ကြိမ်မြောက် ဆီးဂိမ်းမှာယှဉ်ပြိုင်ခဲ့မှုမရှိပေမယ့် အခြားပြိုင်ပွဲတွေမှာ ယှဉ်ပြိုင်ခဲ့ပြီး ဆုတွေရရှိခဲ့ပါတယ်။ ပြိုင်ပွဲကို ဒီဇင်ဘာလ ၁၀ ရက်ကနေ ၁၂ ရက်အထိ အာဆီယံခုနစ်နိုင်ငံ ယှဉ်ပြိုင်သွားဖို့ရှိပါတယ်။ ဒီပြိုင်ပွဲအတွက် အစွမ်းကုန်ကြိုးစားထားပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများအနေနဲ့ မျိုးဆက်သစ်လူငယ်တွေအတွက်ရှေ့ဆောင်လမ်းပြအဖြစ် ဆုတံဆိပ်တွေနဲ့ ပြန်လာခဲ့ပါ့မယ်။

